မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၁)

ကမ္ဘာနဲ့အမီ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်

စက်မှုရဲ့အခြေခံဟာ လူသားစွမ်းရည်သာ ဖြစ်လို့ နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှာ လူသားအရင်းအမြစ်တွေ မွေးထုတ်နိုင်အောင် ပညာရေးကဏ္ဍကိုလည်း အထူးအလေးထား မြှင့်တင်ဆောင်ရွက်နေတာ ရဲဘော်တို့အသိပဲ ဖြစ်တယ်၊ နယ်ချဲ့တွေရဲ့ အမွေဆိုးကြောင့် နည်းပညာပိုင်းမှာ နောက်ကျကျန်ခဲ့တဲ့ ဒို့နိုင်ငံကို ရဲဘော်တို့လက်ထက်မှာ ကမ္ဘာနဲ့အမီ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးစုတွေ အတူတကွနေထိုင်လာခဲ့ နေရာအနှံ့အပြားမှာ ယဉ်ကျေးမှုအဖုံဖုံနဲ့ နေထိုင်ကြပေမယ့် တူညီတဲ့သဘာဝတွေရှိခဲ့ကြ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အခြေခံအုတ်မြစ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်

ယခုအခါ နယ်စပ်ဒေသမကျန် မြန်မာနိုင်ငံအနှံ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီရင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြ

နေပြည်တော် ဒီဇင်ဘာ ၁၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ဒီကနေ့ဟာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းတဲ့ နေ့ပဲဖြစ်တယ်။ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှာ တပ်မတော်သား အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မယ့် ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားလိုတယ်။ *စာမျက်နှာ ၃ ကော်လံ ၁ ✻*

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်)

မီးကို စနစ်တကျ အကျိုးရှိစွာသုံးစွဲ၊ မီးဘေးအန္တရာယ်သတိပြုကာကွယ်

ယခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ မီးဘေးအန္တရာယ်သည် ချိန်ခါမရွေး ကျရောက်ဖြစ်ပွားနိုင်၍ အထူးဂရုပြုဆောင်ရွက်ကြရမည် ဖြစ်သည်။

မီးဘေးကြောင့် နှစ်ရှည်လများ တည်ဆောက်ခဲ့ရသော အိုးအိမ်တိုက်တာများ၊ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းဥစ္စာရတနာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးစေခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်း ၂၀၀၆ ခုနှစ်တွင် မီးလောင်မှု ၈၃၃ ကြိမ်၊ ၂၀၀၇ခုနှစ်တွင် မီးလောင်မှု ၉၄၄ ကြိမ်ဖြစ်ခဲ့ပြီး ၂၀၀၈ခုနှစ်အတွင်း မီးလောင်မှု လျော့နည်းကျဆင်းစေရန် သက်ဆိုင်ရာက စီမံဆောင်ရွက်ခဲ့သည်။

မီးလောင်ကျွမ်းခဲ့ရသည့် အကြောင်းရင်း အမျိုးမျိုးရှိသည့်အနက် မီးဖိုမှစ၍လောင်ခြင်း၊ အလိုအလျောက်လောင်ကျွမ်းခြင်း၊ လျှပ်စစ်ကြောင့်လောင်ကျွမ်းခြင်း၊ ပေါ့ဆမှုကြောင့်လောင်ကျွမ်းခြင်း အများဆုံးဖြစ်ပွားခဲ့သည်။

အထူးသဖြင့် နေအိမ်များတွင် မီးဖိုမီးကြွင်း မီးကျန်များမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်ရာ မီးဖိုများကို သုံးစွဲပြီးလျှင် မမေ့မလျော့ဘဲ မီးငြိမ်းသတ်ခဲ့ရမည် ဖြစ်သည်။ မိသားစုဝင်များအားလုံး ပြင်ပသို့ထွက်ခဲ့လျှင်လည်း လျှပ်စစ်ပစ္စည်းမီးများကို ပိတ်၊ ပလပ်များကို ဖြုတ်၍ မိန်းခလုတ်များကိုပါ ချထားသင့်ပေသည်။

မီးလောင်လွယ်သော ပစ္စည်းများအနီး၌ ဖယောင်းတိုင်ထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းများကို မေ့မေ့လျော့လျော့မထားမိရန် အထူးသတိပြုရမည် ဖြစ်သည်။

မီးလောင်မှုတွင် ပေါ့ဆမီးကြောင့် အများဆုံးဖြစ်ပေါ်ခဲ့ရသဖြင့် မီးကိုစနစ်တကျ သုံးစွဲကြရမည် ဖြစ်သည်။ မီးဘေးအန္တရာယ် ကင်းဝေးရန် အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး အရန်သင့်ထားရှိကြရမည် ဖြစ်သည်။

ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် ကြုံတွေ့ရခြင်းသည် ပစ္စည်းဥစ္စာဆုံးရှုံးမှုသာမက လူအသေအပျောက် ဆုံးရှုံးမှုများပါ ကြုံတွေ့နိုင်ပေသည်။

သို့ဖြစ်ပေရာ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာပစ္စည်းများ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ မြို့ရွာတစ်ခွင် အေးချမ်းသာယာစေရေးအတွက် တိုင်းရင်းသားပြည်သူများသည် မီးကိုစနစ်တကျသုံးစွဲ၍ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အစဉ်သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဆရာဝန်အသင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့ကြီးမှူး၍ အထွေထွေရောဂါ/ မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum) ကို ဒီဇင်ဘာ ၂၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု စာတမ်းများဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်း အစီအစဉ်တွင် Q & A on Common Neurological Problems in General Family Practice တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၀-၁၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၇)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဒိုင်ဗင်ထိုးတဲ့အချစ်** လူမင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မိုက်တီး)
၁၃:၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၅)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၁၈)

အားကစားဝန်ကြီးဌာန နှစ်ပတ်လည် အစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၉

အားကစားဝန်ကြီးဌာန (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိသိ စည်းကမ်းရှိရှိဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အားကစားဝန်ကြီးဌာန (၁၂)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သာယာဝတီမြို့ ကွက်သစ်အလက ပူဇော်ကန်တော့ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ပဲခူးတိုင်း သာယာဝတီမြို့ ကွက်သစ်အလကကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အဆိုပါမြို့ရှိ ဒေါ်အရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့မှ ဦးလေးလွင် ဖုန်း-၀၉-၈၆-၁၀၇၂၂၊ ဦးထွန်းမြတ် ဖုန်း-၀၉-၅၀-၃၅၄၀၄၊ သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)နှင့် သာယာဝတီမြို့မှ ဦးဖေဝင်း ဖုန်း-၀၅၅-၃၀၆၇၀၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၇၀၅၊၀၅၅-၃၀၈၀၀နှင့် ဦးမြတ်စိုးအောင် ဖုန်း-၀၅၅-၃၀၇၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အောင်ချက်မြင့်မားရေး ညှိနှိုင်းဆွေးနွေး

မင်းတပ် ဒီဇင်ဘာ ၁၉

ချင်းပြည်နယ် မင်းတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်မြင့်မားရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ရက် မွန်းလွဲ ၁နာရီက အထက (၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့များက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးညှိနှိုင်းကြသည်။

(ခရိုင် ပြန်/ဆက်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geotechnical Investigation Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Teknik Samudra ဖြင့် ဒီဇင်ဘာ ၁၅ရက်ခန့်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက်ခန့်အထိလည်းကောင်း၊ Nearshore Site Survey တိုင်းတာရေး လုပ်ငန်းများကို Jack- Up Rig Pontoon ဖြင့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်ခန့်မှ ဧပြီ ၁၅ ရက်ခန့်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Investigation Site Survey နှင့် Nearshore Site Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉မိနစ် ၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉မိနစ် ၀၀ စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉မိနစ် ၀၀ စက္ကန့်၊ Point-F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅မိနစ် ၀၀ စက္ကန့်၊ Point-G မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅မိနစ် ၀၀ စက္ကန့်နှင့် Point-H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉မိနစ် ၀၀ စက္ကန့်တို့ အတွင်းတွင်ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geotechnical Investigation Site Survey ကို တိုင်းတာရေး ရေယာဉ် MV Teknik Samudra ဖြင့်လည်းကောင်း၊ Nearshore Site Survey တိုင်းတာရေးလုပ်ငန်းများကို Jack- Up Rig Pontoon ဖြင့်လည်းကောင်း လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး၊ သင်္ဘောငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အကောင်းဆုံး အင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း သန့်ဇော်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ကျော်ဇေယျာလင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဖြိုးကျော်စွာဇေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သိပ္ပံနဲ့နည်းပညာမှာ ဖော်ထုတ်သုံးစွဲတဲ့အဆင့်ကနေ တီထွင်အသုံးပြုတဲ့အဆင့်ရောက်ရှိ စစ်ဘက်သိပ္ပံပညာရပ်တွေနဲ့ ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားတွေကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်အောင် အမြဲမပြတ် ဆည်းပူးလေ့လာ

* *ရှေ့ဖုံးမှ*

ရဲဘော်တို့-

တပ်မတော်က အင်ဂျင်နီယာအရာရှိများအဖြစ် မွေးထုတ်ပေးလိုက်တဲ့ ရဲဘော်တို့ဟာ တပ်မတော်သားတွေဖြစ်တဲ့အလျောက် ဒို့ရဲ့ မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမှာ ဖြစ်တယ်။

ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးအဆင့်ရှိတဲ့ စစ်ပညာရပ်တွေကိုလည်း သင်ကြားလေ့ကျင့်ပေးလိုက်ပြီးဖြစ်လို့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် လိုအပ်လာရင် စစ်မြေပြင်မှာ ခြေလျင်တပ်အသွင်နဲ့တိုက်ပွဲဝင်နိုင်ရမှာဖြစ်တယ်။ ဒို့တပ်မတော်သမိုင်းမှာ ခြေလျင်တပ်တွေမပါဘဲ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်တွေ သက်သက်နဲ့ တိုက်ပွဲဝင်အနိုင်ယူခဲ့တဲ့ သာဓကတွေ ရှိခဲ့ဖူးတယ်။ အဲဒါဟာ အရေးကြုံရင် သက်လုံကောင်းပြီး စစ်သားကောင်းပီသတဲ့ ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတစ်ခုပဲဖြစ်တယ်။ ဒီလိုရဲစွမ်းသတ္တိရှိပြီး စစ်သားကောင်းရဲ့ဂုဏ်ဒြပ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဒို့တပ်မတော်ရဲ့ ကောင်းမြတ်တဲ့အစဉ်အလာတွေကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြရမယ်။ ဒါ့အပြင် ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ တပ်တိုင်း၊ ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်း ငါးပါးနဲ့ ပြည့်စုံပြီး မြဲသုံးမြဲနဲ့အညီ ဆောင်ရွက်နေဖို့လည်း လိုအပ်တယ်။

ရဲဘော်တို့ -

တပ်မတော်ရဲ့ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမယ့် ရဲဘော်တို့ဟာ မိမိတပ်ဖွဲ့ဝင်တွေကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ လိုတယ်။

ခေါင်းဆောင်မှုအင်္ဂါရပ်တွေနဲ့အညီ ကွပ်ကဲအုပ်ချုပ်နိုင်ဖို့ မိမိကိုယ်တိုင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်ပြည့်စုံနေရမယ်။ ဒါ့အပြင် ပညာရှင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ အတတ်ပညာပိုင်းဆိုင်ရာမှာလည်း ခေါင်းဆောင်မှု ရယူနိုင်ဖို့လိုတယ်။ ဒါကြောင့် မိမိတပ်ဖွဲ့ဝင်တွေထက် ထိုးထွင်းကြံဆပြီး တီထွင်လုပ်ကိုင်နိုင်ဖို့ ဗဟုသုတကြွယ်ဝအောင် အမြဲစူးစမ်းလေ့လာနေရမယ်။ စိတ်ဓာတ်နဲ့ စည်းကမ်းအရာမှာ စံနမူနာပြ နေထိုင်ကျင့်ကြံပြီး စိတ်ရင်းစေတနာကောင်းနဲ့ မိမိတပ်ဖွဲ့ရဲ့ကောင်းကျိုးကို အစဉ်သယ်ပိုးဆောင်ရွက်နေရမယ်။ တပ်မတော်ဟာ ခိုင်မာတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တာနဲ့အညီ မိမိတပ်ဖွဲ့ဝင်တွေကို အဖွဲ့အစည်းစိတ်ဓာတ်နဲ့ တာဝန်ထမ်းဆောင်နိုင်အောင် ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး ဦးစီးဦးဆောင်ပြုကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ -

သိပ္ပံနဲ့နည်းပညာတွေ တိုးတက်ထွန်းကားနေတဲ့ ယနေ့ကမ္ဘာကြီးမှာ ဒို့နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်နိုင်ဖို့ ခေတ်မီတပ်မတော်တစ်ရပ် လိုအပ်တယ်။

ဒီလို ခေတ်မီတပ်မတော် တည်ဆောက်တဲ့နေရာမှာ အင်ဂျင်နီယာ ပညာရှင်တွေဖြစ်တဲ့ ရဲဘော်တို့က စွမ်းစွမ်းတမံဆောင်ရွက်သွားကြရမှာ ဖြစ်တယ်။ ဒီကနေ့ ခေတ်သစ်စစ်ပွဲတွေမှာ C-4 ISR ဆိုတဲ့ ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ ကင်းထောက်ခြင်းဆိုတဲ့ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်တွေနဲ့ စစ်နည်းဗျူဟာတွေ ပေါင်းစပ်ပြီး ထိရောက်ပစ်ခတ်နိုင်တဲ့ ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားတွေကို အသုံးပြုနေကြတယ်။ သိပ္ပံနဲ့နည်းပညာမှာ **'ဖော်ထုတ်သုံးစွဲ'** တဲ့ အဆင့်ကနေ **'တီထွင်အသုံးပြု'** တဲ့ အဆင့်ကို ရောက်ရှိနေပြီးဖြစ်တဲ့အတွက် ရဲဘော်တို့ဟာ ပြောင်းလဲတိုးတက်နေတဲ့ စစ်ဘက်သိပ္ပံပညာရပ်တွေနဲ့ ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားတွေကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်အောင် အမြဲမပြတ် ဆည်းပူးလေ့လာနေရမယ်။ ဒါ့အပြင် ကိုယ်တိုင်ထိုးထွင်း ကြံဆပြီး တီထွင်ထုတ်လုပ်နိုင်တဲ့ ပညာရှင်တွေ ဖြစ်လာတဲ့အထိ အပတ်တကုတ် ကြိုးစားဆောင်ရွက်ကြရမယ်။ အနာဂတ် တပ်မတော်ဟာ ရဲဘော်တို့လို အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ မျိုးချစ်စိတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးစားအားထုတ်မှုအပေါ် မူတည်နေတယ်ဆိုတာ စွဲမြဲယုံကြည်ထားကြရမယ်။

ရဲဘော်တို့ -

ဒီကနေ့ခေတ်မှာ နည်းပညာတိုးတက်မြင့်မားတဲ့နိုင်ငံတွေက နည်းပညာတိုးတက်မှုနည်းပါးတဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ပြီး စိုးမိုးခြယ်လှယ်ဖို့ ကြိုးစားနေတာအားလုံးအသိပဲ ဖြစ်တယ်။ ဒါတင်မက နည်းပညာနိမ့်ပါးတဲ့ နိုင်ငံတွေက သယံဇာတပစ္စည်းတွေကို နည်းမျိုးစုံနဲ့ အမြတ်ထုတ်နေကြတာ ကမ္ဘာ့နေရာအနှံ့အပြားမှာ တွေ့မြင်နေရတယ်။ **ဒို့နိုင်ငံဟာ မူလအခြေခံအားဖြင့် သဘာဝသယံဇာတအရင်းအမြစ်ပေါများကြွယ်ဝတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ရှိနှင့်ပြီးသား သဘာဝသယံဇာတတွေကို နိုင်ငံတော်တည်ဆောက်ရေးအတွက် ဖော်ထုတ်သုံးစွဲတဲ့နေရာမှာ သူတစ်ပါးရဲ့ အမှီအခိုကင်းကင်းနဲ့ ဆောင်ရွက်နိုင်တဲ့ နည်းပညာတွေသာ ရှိမယ်ဆိုရင် ပိုမိုပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှာပဲဖြစ်တယ်။ ဒါ့အပြင် သယံဇာတဆိုတာ ထုတ်ယူသုံးစွဲတာနဲ့အမျှ တစ်ချိန်ချိန်မှာ ကုန်ဆုံးသွားမှာဖြစ်လို့ လူသားစွမ်းရည်သက်သက်နဲ့ ရှင်သန်ရပ်တည်နိုင်အောင် စက်မှုနည်းပညာရပ်တွေရှိဖို့လည်း လိုအပ်တယ်။ ဒါကြောင့် ဒို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေး စီးပွားရေးဦးတည်ချက် (၄)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။**

စက်မှုရဲ့အခြေခံဟာ လူသားစွမ်းရည်သာဖြစ်လို့ နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှာ လူသားအရင်းအမြစ်တွေ မွေးထုတ်နိုင်အောင် ပညာရေးကဏ္ဍကိုလည်း အထူးအလေးထား မြှင့်တင်ဆောင်ရွက်နေတာ ရဲဘော်တို့အသိပဲ ဖြစ်တယ်။ နယ်ချဲ့တွေရဲ့ အမွေဆိုးကြောင့် နည်းပညာပိုင်းမှာ နောက်ကျကျန်ခဲ့တဲ့ ဒို့နိုင်ငံကို ရဲဘော်တို့ လက်ထက်မှာ ကမ္ဘာနဲ့အမီ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ -

ဒို့နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးစုတွေ အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြတယ်။ နေရာဒေသ အနှံ့အပြားမှာ ယဉ်ကျေးမှု အဖုံဖုံနဲ့ နေထိုင်ကြပေမယ့် သနားကြင်နာတတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ ကူညီရိုင်းပင်းလိုစိတ်ရှိခြင်း၊ ခွင့်လွှတ်သည်းခံနိုင်ခြင်းစတဲ့ တူညီတဲ့ သဘာဝတွေရှိကြတာ ဖြစ်တယ်။ ဒီလိုတိုင်းရင်းသားလူမျိုးစုတွေ အတူတကွ နေထိုင်ကြတဲ့ ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ကတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။

ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းအရ ဒို့တပ်မတော်က နိုင်ငံတော်တာဝန်ယူတဲ့ကာလမှာ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး ယုံကြည်ချက်အဖြစ် ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။ စိတ်ရင်းစေတနာမှန်နဲ့ ဆောင်ရွက်ခဲ့လို့လည်း ဘယ်ခေတ် ဘယ်အခါနဲ့မှမတူတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီး နယ်စပ်ဒေသမကျန် မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ခဲ့တယ်။ နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ ရောက်လေရာဒေသတွေမှာ ပြည်သူက ယုံကြည်ကိုးစားတဲ့ ပြည်သူ့တပ်မတော်သားဘဝကို အပြည့်အဝခံယူနိုင်အောင် စစ်သည်တော် ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ကြံကြဖို့လိုတယ်။ ဒါ့အပြင် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း တိတိကျကျ လိုက်နာကြရမယ်။ နယ်မြေခံတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ -

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ **"အင်ဂျင်နီယာ စွမ်းပကားတပ်မတော်အား"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒို့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်တဲ့ နေရာမှာ ရဲဘော်တို့ရဲ့ အတတ်ပညာစွမ်းပကားတွေကို ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးစားကြပါ။ စက်မှုနိုင်ငံတော် တည်ဆောက်ရေးအတွက် အားထားရတဲ့ ပညာရှင်တွေဖြစ်လာအောင် တိုးတက်ပြောင်းလဲလာတဲ့ ခေတ်မီသိပ္ပံပညာရပ်တွေကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြပါ။ တာဝန်ကျရာ ဒေသက တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး ကျစ်လျစ်ခိုင်မာတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိအောင် တည်ဆောက်သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

အကြမ်းဖက်ဝါဒကို နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ရေး ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်သမ္မတများ ဆွေးနွေး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၉

အကြမ်းဖက်ဝါဒကို နှစ်နိုင်ငံပူးပေါင်း တိုက်ဖျက်ထိုးစစ်ဆင်နွှဲရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးရန် ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီသည် ဒီဇင်ဘာ ၁၉ ရက်က အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း အင်တာနက် သတင်းတွင်ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

ကဘူးလ်မြို့သို့ရောက်ရှိနေစဉ် ဇာဒါရီသည် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် အကြမ်းဖက်ဝါဒကို နှစ်နိုင်ငံပူးပေါင်း စစ်ဆင်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များသည် ပူးတွဲသတင်းစာ ရှင်းလင်းပွဲ၌ မိန့်ခွန်းအသီးသီးပြောကြားခဲ့သည်။

သုတ်သင်ချေမှုန်းနိုင်

သမ္မတဇာဒါရီ၏ အာဖဂန်နစ္စတန်နိုင်ငံ ခရီးစဉ်သည် အထူးသဖြင့် တာလီဘန်နှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွများ၏ နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများကို နည်းဗျူဟာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက် ဆုံးခန်းတိုင်အောင် သုတ်သင်ချေမှုန်းနိုင်ရေးအတွက် အာဖဂန်နစ္စတန်ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြကြောင်း အစ္စလမ္မာဘတ်ရှိ ထိပ်တန်းနိုင်ငံခြားရေးအရာရှိတစ်ဦးက ပရက်စ်တီဗွီသတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

အီရတ်မှ ဩစတြေးလျ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

ကင်ဘာရာ ဒီဇင်ဘာ ၁၉

အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေရာ အီရတ်အစိုးရအဖွဲ့နှင့် ဩစတြေးလျအစိုးရအဖွဲ့မှ တာဝန်ရှိသူများ ဆွေးနွေးပြီးနောက် အီရတ်မှ ဩစတြေးလျတပ်ဖွဲ့ဝင်များ ၂၀၀၉ခုနှစ် နှစ်လယ်ပိုင်း၌ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အီရတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ဩစတြေးလျတပ်ဖွဲ့ဝင်များ လာမည့်နှစ် နှစ်လယ်ပိုင်းမှစတင်ကာ တပ်ဖွဲ့ဝင်များ အပြီးအပိုင် ရုပ်သိမ်းသွားရေး ဆောင်ရွက်သွားမည်ဟု အစိုးရအရာရှိကြီးတစ်ဦးက ပြောကြားသည်။

အပြီးအပြတ်ရုပ်သိမ်း

ထို့အတူ အမေရိကန်တပ်ဖွဲ့များကိုလည်း လာမည့်၂၀၁၁ခုနှစ်၌ အီရတ်မှ အပြီးအပြတ် ရုပ်သိမ်းသွားရေးကိုလည်း အီရတ်နှင့်အမေရိကန် စစ်ဘက်အကြီးအကဲများက သဘောတူထားခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှု ဘဂ္ဂဒက်အနောက်ပိုင်း၌ အရပ်သားတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ဒီဇင်ဘာ ၁၈ ရက် နံနက်စောစောပိုင်းက အမေရိကန်ကင်းလှည့်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် ကိုယ်ပိုင်ကား မောင်းနှင်လာသူ အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားခဲ့သည်။

ယင်းနေ့က ဘဂ္ဂဒက်မြို့အနောက်ပိုင်း အယ်လ်မန်ဆောအရပ်အနီး အယ်လ်ဆီလမ်းဆုံအနီးတွင် ကင်းလှည့်ကားရှိရာဘက်သို့ ဦးတည်ကာ ကိုယ်ပိုင်ကားမောင်းနှင်လာကြောင်း၊ သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များက ၄င်းအား ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က အီရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာစီးတီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားများကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများ ဆေးရုံတွင်ဆေးကုသမှု ခံယူနေကြရသည်ကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၁၇ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားများကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပနှင့်အမေရိကန်တွင် ရေနံဈေးနှုန်းကျဆင်း တစ်စည်လျှင် ၃၈ ဒေါ်လာအောက်သို့ ရောက်ရှိ

နယူးယောက် ဒီဇင်ဘာ ၁၉

ကုန်သည်များက ရေနံထုတ်လုပ်တင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့(အိုပက်)အား ရေနံထုတ်လုပ်မှု မလျှော့ချရန် အကြံပြုခဲ့သည့်အတွက် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၈ ဒေါ်လာအောက်သို့ ကျဆင်းသွားခဲ့ကြောင်း ဒီဇင်ဘာ ၁၈ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

နယူးယောက်တွင် မာကန်တိုင်း ငွေကြေးလဲလှယ်ရေးဌာန (အင်န်ဝိုင်အမ်အီးအိတ်စ်)၏ ပြောကြားချက်အရ လာမည့်နှစ်ဇန်နဝါရီလ၌ စာချုပ်သက်တမ်း ကုန်ချိန်၌ ဒီဇင်ဘာ ၁၉ရက်က ရှိသည့် ရေနံတစ်စည် ဈေးနှုန်း အမေရိကန် ဒေါ်လာ ၃၇ ဒသမ ၆၈ ထက်လျော့ကျဖွယ်ရှိသည်ဟု ဆိုသည်။ ယခုကဲ့သို့ ဈေးနှုန်းထိုးကျခဲ့မှုသည် ၂၀၀၄ ခုနှစ် နောက်ပိုင်းတွင် နောက်ဆုံး ကြုံတွေ့ခဲ့ရသည့် ဈေးကျမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကျဆင်း

လန်ဒန်မြို့ရှိ ဥရောပတိုက်အတွင်း ငွေကြေးလဲလှယ်ရေးဌာန (အိုင်စီအီး)၏ အဆိုအရ လာမည့်နှစ်ဖေဖော်ဝါရီလတွင် ရေနံဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၀ ဒေါ်လာအောက်သို့ ကျဆင်းသွားဖွယ်ရှိသည်ဟု ဆိုသည်။

လျော့ကျ

နောက်ပိုင်းတွင် အရောင်းအဝယ်ဖြစ်သော ဈေးနှုန်းများအရ အမေရိကန်ရေနံစိမ်းသည် ဒီဇင်ဘာ ၁၇ရက်က တစ်စည်လျှင် ၁ ဒသမ ၅၁ ဒေါ်လာ လျော့ကျသွားသည့်အတွက် ၃၈ ဒသမ ၅၅ ဒေါ်လာရှိသည်။ လန်ဒန်ရေနံစိမ်းမှာမူ ၅၃ ဆင့်ကျဆင်းခဲ့ပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၅ ဒေါ်လာနှုန်း ရှိသည်။ **(အင်တာနက်)**

မိုဆူးလ်၌ အပြန်အလှန်ပစ်ခတ်မှု လေးဦးသေဆုံး

မိုဆူးလ် ဒီဇင်ဘာ ၁၉

အီရတ်နိုင်ငံအရှေ့မြောက်ပိုင်း မိုဆူးလ်မြို့တွင် ဒီဇင်ဘာ ၁၈ရက်က အီရတ်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် သေနတ်သမားများအကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ သေနတ်သမားသုံးဦး သေဆုံးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် အခြားဖြစ်ရပ်တစ်ခု၌ မိုဆူးလ်မြို့လယ်ကောင်တွင် သေနတ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း မိုဆူးလ် ရဲသတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ လက်နက်ကိုင်သုံးဦးမှာ မိုဆူးလ်မြို့အရှေ့ပိုင်း အယ်လ်ကာရာမာ ဝန်းကျင်ဒေသတွင် လုံခြုံရေးစစ်ဆင်မှုပြုလုပ်ခဲ့စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်က အဆွတ်အယ်လ်အီရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒုတိယဖြစ်ရပ်မှာ မိုဆူးလ်မြို့လယ်ကောင် အယ်ကာဒေသတွင် သေနတ်သမားက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား လုပ်ကြံရန်ကြိုးစားစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဇင်ဘာဘွေ၌ ဝမ်းရောဂါဖြစ်ပွားခဲ့မှု သေဆုံးသူ ၁၀၀၀ ကျော်ရှိ

ဟာရာရေး ဒီဇင်ဘာ ၁၉

ဇင်ဘာဘွေနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေမှာ ၁၀၀၀ကျော်သွားပြီဖြစ်ကြောင်း၊ သမ္မတ ရောဘတ်မူဂါဘီမှာလည်း နိုင်ငံတကာ၏ ဖိအားပေးမှုကို ခံနေရပြီ ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ကာလဝမ်းရောဂါကြောင့် သေဆုံးသူမှာ ၁၁၁၁ဦးရှိပြီး ဖြစ်ပွားသူမှာ၂၀၅၈၀ဦး ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ လူသားချင်းစာနာထောက်ထား အကူအညီပေးရေးအဖွဲ့ (အိုစီအိတ်ချ်အေ)က ဒီဇင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းကာလဝမ်းရောဂါသည် ချီဂူတူအားဘန်းဒေသတွင် အသစ်ထပ်မံဖြစ်ပွားပြီး ၃၇၈ ဦး ဖြစ်ပွားကာ ၁၂၁ ဦး သေဆုံးခဲ့ပြီး ဆက်လက် ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း အိုစီအိတ်ချ်အေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကျောက်ခွက်၊ လက်ပံတို ရေနံမြေ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက်ပေနက် အစမ်းတွင်း အမှတ်(၁)အား တူးဖော်ရန်အတွက် ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

နေပြည်တော် ဒီဇင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၁၅ရက် နံနက်ပိုင်းက မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်၊ လက်ပံတို ရေနံမြေများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာယူရောက်ရှိ

ဝန်ကြီးသည် ကျောက်ခွက်ပေနက် အစမ်းတွင်း အမှတ်(၁)အား တူးဖော်ရန်အတွက် ပြည်ပမှ မှာယူရောက်ရှိလာသော ZJ 70L SR II ပေနက် တွင်းတူးစက် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်အောင်ဆောင်ရွက်

ထို့နောက် ဝန်ကြီးက ဆိုက်စမစ်တိုင်းတာချက်များအရ ပေနက်ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိရန် အလားအလာကောင်းမွန်သော ကျောက်ခွက်ရေနံမြေတွင် ကျောက်ခွက်ပေနက် အစမ်းတွင်းအမှတ်(၁)ကို ပေ ၁၅၀၀၀အထိ ရွေးချယ်တူးဖော်ခြင်းဖြစ်သဖြင့် ပြည်ပပညာရှင်များနှင့် တွဲဖက်ဆောင်ရွက်ရသော မိမိဝန်ထမ်းများ အနေဖြင့်လုပ်ငန်းကျွမ်းကျင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ထားသည့် ကာလအတိုင်း Technical စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ပြင်ဆင်ဆောင်ရွက်

ပြည်ပမှ မှာယူထားသော ပေနက်တွင်းတူးစက် လေးစက်အနက် ယနေ့အထိ သုံးစက်ရောက်ရှိပြီး သတ်မှတ်ရက်များအတိုင်း ပေနက်တွင်းသစ်များ တူးဖော်ရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကာ ကျန်တစ်စက်မှာလည်း မကြာခင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်းအတွင်းရှိကျွန်းချောင်း LPG ဓာတ်ငွေ့ရည်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအောင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာန၊ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာဒါယိကာမများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) တို့၏ပူးပေါင်းစီစဉ်မှုဖြင့် မကွေးတိုင်း ရေနံချောင်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးခြင်း အောင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်တော်မူပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ စီမံရေးရာ ဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ကျန်းမာရေးဝန်ကြီးဌာနမှမျက်စိအထူးကုဆရာဝန်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သူနာပြု ဆရာမများ၊ ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ရေနံချောင်းမြို့နယ် အသင်း(ရန်ကုန်)မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့တွင် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ကံညွှန့်၊ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့ ဦးဆောင်၍ ဆရာဝန် ၁၈ ဦး၊ သူနာပြုဆရာမ ၁၀ဦး၊ Alcom ကုမ္ပဏီမှ ကျွမ်းကျင် ဝန်ထမ်းတစ်ဦးတို့က မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ခွဲစိတ်ကုသ

ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ပြင်ပလူနာ ၄၅၀၇ဦးတို့ကို အခမဲ့စမ်းသပ်ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်လူနာ ၅၆၀ တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကာ ပါဝါမျက်မှန် လိုအပ်သူ ၉၉၁ ဦးကို မျက်မှန်များ အခမဲ့ပေးအပ်ခဲ့သည်။

ဝိုင်းဝန်းကူညီ

ယင်းမျက်စိစမ်းသပ် ခွဲစိတ်ကုသမှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့်ကုန်ကျစရိတ်များကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ ဒါယိကာမများ၊ ရေနံချောင်းမြို့နယ် အသင်း(ရန်ကုန်)၊ ဆေးကုမ္ပဏီများ ဖြစ်ကြသော Ashford ကုမ္ပဏီ၊ စန်းလမင်းကုမ္ပဏီ၊ Cip La ကုမ္ပဏီ၊ Dielthm ကုမ္ပဏီနှင့် Zifam ကုမ္ပဏီတို့ကပံ့ပိုးလှူဒါန်းခဲ့ကြပြီး စမ်းသပ်ခွဲစိတ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနံချောင်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင် မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးစဉ်။ (သတင်းစဉ်)

မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အသိပညာပေးဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

အထက(၂)လှိုင် (ဒေါ်သာထက်အထက်တန်းကျောင်း) အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

အထက(၂) လှိုင် (ဒေါ်သာထက်အထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ သိင်္ဂါရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် အဝေးရောက်ဆရာကြီး ဆရာမကြီးများအားလုံး ဆက်သွယ်ကြရန်နှင့် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်လာရောက်ကြပါရန်နှင့် အသေးစိတ် သိရှိလိုပါက ဆရာဦးမင်းဇော် ဖုန်း-၅၂၂၂၅၀၊ လိုင်းခွဲ-၂၄၀၊ ဦးမောင်မောင်(ရွှေစံအိမ်) ဖုန်း-၀၉-၅၀-၁၉၄၈၄၊ ဦးကြည်သန်း ဖုန်း-၇၂၁၇၅၁၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅၈၀၆၊ ဦးအုန်းကြူ ဖုန်း-၀၉-၅၁-၀၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉-၅၁-၀၀၃၉၃၊ ဦးရွှေသိုက် ဖုန်း-၅၀၀၄၆၀၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉-၈၀-၃၄၇၁၀နှင့် ဦးမျိုးခင် ဖုန်း-၀၉-၅၁-၈၇၅၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်

မီးတွင် မပေါ့နှင့်

နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ အစာအိမ်နှင့် အူလမ်းကြောင်း လူနာများအား ဆေးဝါးကုသပေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ဂျပန်နိုင်ငံ နီပွန်ဆေးတက္ကသိုလ် (Nippon Medical School) အစာအိမ်နှင့်အူလမ်းကြောင်းဌာနမှ ပါမောက္ခမတ်တုဟိဆနှင့် ပါမောက္ခမီကီတို့ ဦးဆောင်သောအဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အစာအိမ်နှင့် အူလမ်းကြောင်းခွဲစိတ်ဌာနမှ ပါမောက္ခ ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်သန်းသန်းရီ ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်း၍ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)အစာအိမ်နှင့် အူလမ်းကြောင်းဌာန၌ အစာအိမ်အတွင်း မှန်ပြောင်းဖြင့် ရောဂါရှာဖွေခြင်း၊ အစာအိမ်ပိုး (H.PYLORI) ရှိမရှိ စမ်းသပ်စစ်ဆေးခြင်း၊ ပိုး ANTIBODY ရှာဖွေခြင်း၊ ပိုးမွေးခြင်း၊ အသားစ အဖြေယူခြင်းနှင့် အစာအိမ်ရှိ ဟော်မုန်းဓာတ်များအား စစ်ဆေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ရက်မှ ၁၉ရက်အထိ ဆောင်ရွက်ပေးကြသည်။**(ယာပုံ)**

ရှာဖွေစမ်းသပ်

အဆိုပါရက်များအတွင်း စုစုပေါင်း လူနာ၁၉၈ဦးတို့အား ရောဂါရှာဖွေစမ်းသပ်ပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဆေးရုံခန်းမ၌ ပါမောက္ခမတ်တုဟိဆက အစာအိမ်ပိုးနှင့် အစာအိမ် အူလမ်းကြောင်း ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောပြီး ၄င်းအဖွဲ့က OLYMPUS အမျိုးအစား အစာအိမ်ကြည့် မှန်ပြောင်းနှစ်ချောင်းကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

20-12 (05).pmd 1 12/20/2008, 2:27 AM

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

(၁၇)ကြိမ်မြောက် ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တပည့်အပေါင်းတို့က ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ခရမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးစောဝင်း ဖုန်း-၀၉-၈၆-၄၅၃၃၁၊ ဦးနိုင်လင်း ဖုန်း-၀၉-၈၆-၄၅၆၃၆၊ ဦးအောင်ကျော်ဆွေ ဖုန်း-၀၉-၈၆-၄၅၇၀၇၊ ဦးအေးကို ဖုန်း-၀၅၆-၃၀၁၄၅၊ ဦးမောင်ရွှေ ဖုန်း-၀၉-၅၀-၀၇၁၆၂၊ ဦးသောင်းတင် ဖုန်း-၀၉-၈၆-၄၅၂၁၆နှင့် ဦးဝင်းဇော်မိုး ဖုန်း-၀၉-၈၆-၀၁၂၅၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူရည်ချွန်များ ပေါ်ထွက်လာရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာရေး အားကစားနှင့်ပညာရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့် ပညာရေးကဏ္ဍပေါင်းစပ်၍ လုပ်ငန်းစီမံချက်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ၂နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ(၁)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြို့နယ်၊ခရိုင်၊တိုင်းတို့မှတစ်ဆင့် ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ပေါ်ပေါက်လာရေးအတွက် အားကစားနှင့်ပညာရေးကဏ္ဍပေါင်းစပ်၍ လုပ်ငန်းစီမံချက်ရေးဆွဲသွားရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးဦးစီးကော်မတီကို ဖွဲ့စည်းကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူရည်ချွန်များ ပေါ်ထွက်လာရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာရေးအတွက် အားကစား နှင့် ပညာရေး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေကျပ် ၂၀၀တန် ကျပ်သိန်း ၁၀၀၀ထီဖွင့်ပွဲ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

အကြိမ်(၂၄၀)မြောက် ငွေကျပ် ၂၀၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက် နံနက်၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ သုံးဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၇ဆု၊ ငွေကျပ် ၁၀ သိန်း ၄၉၃ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၇၃ဆု၊ ငွေကျပ် နှစ်သိန်း ၁၅၉၃ ဆု၊ ငွေကျပ် တစ်သိန်း ၁၅၇၀၄ဆု အပါအဝင် ဆုမဲပေါင်း ၁၇၉၉၃ဆုဖြစ်ကြောင်း သိရသည်

(သတင်းစဉ်)

ယနေ့ မီးကြိုတင် ကာကွယ်ရေးသည် နက်ဖြန် မီးဘေး လုံခြုံရေးဖြစ်သည်

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၁၉

ပန်းဝါသနာရှင်အသင်း အထိမ်းအမှတ်ပွဲ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တို့တွင် ငါးရက်တိုင် ကျင်းပမည်ဖြစ်ပြီး အဆိုပါ အထိမ်းအမှတ်ပွဲတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲများ၊ ပန်းအလှ၊ သစ်သီးပြိုင်ပွဲများ၊ ဓာတ်ပုံပန်းချီပြိုင်ပွဲများလည်း ကျင်းပမည်ဖြစ်သည်။

ခေတ္တရာအသင်း(ရန်ကုန်) ပညာရည်ချွန်ဆု ချီးမြှင့်မည်

ခေတ္တရာအသင်း(ရန်ကုန်) (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ဓာတ်လှေကားအနီး ဒဂုံမြို့နယ်ရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ရော်ဘာကုန်ချောထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်မည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ရော်ဘာပစ္စည်းထုတ်လုပ်မှု သုတေသနနည်းပညာနှင့် သင်တန်းပို့ချရေးဌာနမှ ရော်ဘာကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် မှိုင်းခံရော်ဘာကို အခြေခံ၍ ရော်ဘာကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ကို ဒီဇင်ဘာ၂၂ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

စက်မှု(၁) ဈေးရောင်းပွဲတော် ကျင်းပမည်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို သံသုမာအားကစားကွင်း တောင်ဥက္ကလာပမြို့နယ်တွင် ဒီဇင်ဘာ၂၀ရက်မှ ၂၆ရက်အထိ နေ့စဉ်နံနက်၈နာရီမှ ည၈နာရီအထိ ဆိုင်ခန်းများဖွင့်လှစ်၍ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဟုသိရသည်။

၂၀၀၈ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူ တင်သွင်းနိုင်

၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာ၃၁ရက်နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်သော်လည်း ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ သုတေသနစာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဒီဇင်ဘာ၂၆ရက် နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ယင်းနေ့ညနေ ၅နာရီတွင် ရန်ကုန်ပြည်လမ်းရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နတ်မောက် စက်မှုအထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ အမှတ်(၁) စက်မှုလက်မှုအထက်တန်းကျောင်း၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် မတ် ၁ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အေးချမ်းခေတ်မီ မြန်မာပြည်ဓာတ်ပုံပြိုင်ပွဲဆု ချီးမြှင့်မည်

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အေးချမ်းခေတ်မီ မြန်မာပြည် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများ ဖုန်း-၃၇၁၃၄၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ)၏ မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံ၌ ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

ရေကြောင်းအင်ဂျင်နီယာအသင်း သင်းလုံးကျွတ်စည်းဝေးမည်

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (MMEA)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ညစာစားပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရေကြောင်းပညာသိပ္ပံရှေ့ရှိ Lion City Hall ၌ ဒီဇင်ဘာ၂၇ရက် (စနေနေ့) ညနေ၅နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဗဟန်း အထက(၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဗဟန်းမြို့နယ် အထက(၃) ကျောင်းသားဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) ညနေ၃နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ဆေးတက္ကသိုလ်ပညာသင်ဆုများ ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိပြီး ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားကြသူများအနက် ကျောင်းသား ကျောင်းသူ ကိုးဦးအား ပညာသင်ဆုများ ချီးမြှင့်ကြောင်း သိရသည်။

ပညာသင်ဆု

ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု ရရှိကြသည့် ကျောင်းသား ကျောင်းသူများမှာ မောင်စိုင်းလင်းထက် ဒုတိယနှစ်ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်ကျော်ဇောဟိန်း ပထမနှစ်ဆေးတက္ကသိုလ် မန္တလေး၊ မောင်အောင်ဇော်ထက် ပထမနှစ်ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်အောင်မျိုးသွယ် ပထမနှစ်ဆေးတက္ကသိုလ် မကွေး၊ မခိုင်အိမွန် ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မယုဝေဝေလွင် ပထမနှစ်ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မအေ့လီကိုကို ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မစောအိန္ဒြာ ပထမနှစ်ဆေးတက္ကသိုလ် မကွေးနှင့် မခင်မြတ်နိုးခိုင် ပထမနှစ်ဆေးတက္ကသိုလ် မကွေးတို့ဖြစ်ကြသည်။

နှစ်စဉ်ထောက်ပံ့သွားမည်

၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်အတွက် ပညာသင်ဆုငွေအဖြစ် တစ်လလျှင် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ပြီး ရာဇာလင်းမိသားစု၏ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း လိုက်နာနေထိုင်ပါက ဘွဲ့ရသည်အထိ နှစ်စဉ်ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် မိမိတို့ သက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပညာသင်ယူနေကြောင်း အထောက်အထား စာရွက်စာတမ်းများဖြင့် ရာဇာလင်းမိသားစု အမှတ် ၅၀ ကန်ရိပ်သာ၃လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၆၃၂၊၆၈၇၆၁၇နှင့် ၀၉-၅၁-၃၁၂၆၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်းနှင့် တန့်ကြည့်တောင်ကြောပေါ်တွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းစက်သုံးဆီဖူလုံပိုလျှံရေးအတွက်ရည်ရွယ် ယခင်မတူးဖော်ဖူးသေးသည့် ပေနက်များတွင် တွင်းတူးစက်သစ်များဖြင့် တူးဖော်ရန်ဆောင်ရွက် ဝန်ထမ်းများ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးပမ်းသွားကြ

နေပြည်တော် ဒီဇင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းက မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင် ရေနံမြေ၌ ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက်ဖြင့် တွင်းတူးရန် ပြင်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဝန်ကြီးအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ပေနက်တွင်းသစ်တူးရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက်သစ်များအား ဆိုက်စမစ်တိုင်းတာချက်များအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာ ကောင်းမွန်သော ပေနက်နေရာကောင်းများ ရွေးချယ်တူးဖော်ရန် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း သာကြီးတောင် ရေနံမြေ၌ ပေနက်အစမ်းတွင်း အမှတ်(၁)ကို ပေ ၁၅၀၀၀ အထိ တူးဖော်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင် မတူးဖော်ဖူးသေးသည့် ပေနက်များတွင် တူးဖော်ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီ ဖူလုံပိုလျှံရေးအတွက် ရည်ရွယ်ထားသဖြင့် မိမိဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ပေနက်တွင်းတူးစက်များကို ပြည်ပပညာရှင်များနှင့်အတူ တွဲဖက်ဆောင်ရွက်ရသော တွင်းတူးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်ပညာကျွမ်းကျင်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ယခု ပေနက်တွင်းတူးစက်သစ်ကို သတ်မှတ်ထားသော ရက်အတွင်း စတင်တူးဖော်နိုင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စများကို သေချာစွာစနစ်တကျ သေချာအောင် အထူးဂရုပြု ကြိုးကြပ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ZJ 70L SR I ပေနက်တွင်းတူးစက်ဖြင့် တွင်းတူးရန် ပြင်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်းရှိ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ ရောက်ရှိပြီး စက်ရုံနှစ်ပတ်လည်ပြင်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရောဝတီမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းအား လမ်းပိုင်းသုံးပိုင်းခွဲ၍ မြန်မာ့မီးရထားက အမြန်ပြီးစီးရေး ဖောက်လုပ်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဒီဇင်ဘာ ၁၆ရက်က ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိ စစ်ဆေးပြီး ဆိပ်ဖြူဘူတာတည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့်မြေနေရာကို ကြည့်ရှုသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ထို့နောက် ဝန်ကြီးသည် ပွင့်ဖြူ-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသည့် ယောချောင်းတံတားလုပ်ငန်းများ၊ ရထားလမ်းမြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တန့်ကြည့်တောင် တောင်ကြောတစ်လျှောက် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီမြစ်နံဘေး တန့်ကြည့်တောင် တောင်စောင်းပေါ်၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပခုက္ကူမြို့နယ် တန့်ကြည့်ရွာအနီးလုပ်ကွက်၌ စက်ယန္တရားများဖြင့် မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ယောချောင်းနှင့် ကျွန်းချောင်းကြားရှိ တန့်ကြည့်တောင် ဧရိယာအတွင်း မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဖောက်လုပ်

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းသည် အရှည်မိုင် ၃၂၀ရှည်လျားပြီး ရောဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ပေးနေခြင်းဖြစ်သည်။

ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင်၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀ သုံးပိုင်းခွဲ၍ မြန်မာ့မီးရထားက အမြန်ဆုံးပြီးစီးနိုင်ရေး ဖောက်လုပ်လျက်ရှိသည်။

ဖွင့်လှစ်တော့မည်

ကြံခင်းမှဥသျှစ်ပင်အထိ မိုင်၄၀ကို မတ်၁ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဥသျှစ်ပင်မှ ကံမအထိလည်း မြေသားလုပ်ငန်းပြီးစီး၍ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်း၊ ဇလီဖားခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးသွားပါက ရောဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမှ တစ်ဆင့် ဂန့်ဂေါ၊ ကလေးမြို့များသို့ လည်းကောင်း၊ ပခုက္ကူ-ချောင်းဦး၊ မုံရွာ၊ ရေဦး၊ ခင်ဦးမြို့များမှ မြန်မာပြည်အထက်ပိုင်းရှိ မြစ်ကြီးနားမြို့သို့လည်းကောင်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း(၁/၂၀၀၈)ဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ **(အပေါ်ပုံ)** သက်ဆိုင်ရာ အဖွဲ့အစည်းများကိုယ်စား သက်ဆိုင်ရာ သင်တန်းသားများက အသီးသီး လက်ခံယူကြောင်း သိရသည်။

တက်ရောက်

သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈) သင်တန်းကို နိုဝင်ဘာ ၁၇ရက်မှ ၂၁ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၀၀တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၉၇)**

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဒီဇင်ဘာ ၁၂ရက်က အမှတ်(၁၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသူရ အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗိုလ်လောင်း တပ်ခွဲများ စစ်ဆေး

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်း တပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် လှငွေးဝင်း၊ တပ်မတော် စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်မောင်ရှိန်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ် ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ် စောထွန်း၊ ဦးသောင်း၊ ဗိုလ်မှူးကြီး ဇော်မင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဗိုလ်မှူးချုပ် သိန်းဇော်၊ ဗိုလ်မှူးချုပ် လွန်းသိ၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်မှူးချုပ် သိန်းအောင်၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်မှူးချုပ်သိုးထိန်း၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဗိုလ်ချုပ် မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးချုပ် ကျော်ညွှန့်၊ ဗိုလ်မှူးချုပ် မောင်မောင်အုန်း၊ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းငွေ၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ဗိုလ်လောင်းတပ်ခွဲများစစ်ဆေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁)မှ အကောင်းဆုံး အင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၃၂၇၈) ဗိုလ်လောင်း သန့်ဇော်ဦး၊ လေ့ကျင့်ရေး

တက်ရောက်

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော် နည်းပညာ တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) သင်တန်း ဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ၁၉၈၃-၁၉၈၈ ခုနှစ် ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ဆေးတက္ကသိုလ်(၁)တွင် ၁၉၈၃-၁၉၈၈ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တတိယအကြိမ် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်း အားကစားကွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။ ထိုနေ့နံနက် ၁၀နာရီတွင် ဆရာများအား ကန်တော့ကြပြီး ညနေပိုင်း ၆ နာရီတွင် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားများအားသီးခြား ဖိတ်စာပေးပို့ခြင်း မရှိပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်အစီအစဉ်များကို ခင်သီတာအောင် ဖုန်း-၀၉-၅၁-၆၅၅၁၂၊ ခိုင်ခိုင်ဇော် ဖုန်း-၀၉-၅၀- ၁၉၄၅၀၊ သန်းသန်းအေး ဖုန်း-၀၉-၅၀-၂၂၇၆၆၊ အေးအေးခိုင် ဖုန်း-၀၉-၅၀-၀၃၀၇၀၊ အေးအေးပြုံး ဖုန်း-၀၉-၅၀-၀၇၀၆၈၊ မြင့်စိုး ဖုန်း-၀၉-၅၁-၁၂၇၀၀၊ ဟံဝင်း ဖုန်း-၀၉-၅၀-၁၃၁၈၉၊ အောင်ကျော်ထူး ဖုန်း-၀၉-၅၀-၀၇၄၃၉၊ အောင်ကြည် ဖုန်း-၀၉-၅၁-၇၂၃၈၁၊ အေးမောင် ဖုန်း-၀၉-၈၀-၃၂၆၆၇၊ ခင်မောင်လွင် ဖုန်း-၀၉-၈၀-၃၀၄၄၅၊ မောင်မောင်လွင် ဖုန်း-၀၉-၅၁-၁၃၀၉၇ နှင့် အောင်ထွန်း ဖုန်း-၀၉-၅၀-၀၂၇၇၅ တို့သို့ ဆက်သွယ်မေးမြန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁၂-၂၀၀၈ရက်
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ Yan Can Cook
၁၁:၄၅ ၄။ တစ်ပတ်ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၆)
၁၃:၂၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၀၀ ၇။ **သာယာရွှေပြည် တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မော့စ်၊ ဇေလုဝ၊ ရက်တယ် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ **လှေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်၊ ဖီးနစ်)
၅:၁၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၅ ၉။ မြန်မာ့လေ့ရိုးရာလက်ဖွဲ့
၅:၅၀ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အလှူရှာမယ်လှုကမ္ဘာဝယ်
၆:၅၀ ၁၄။ ပဋ္ဌလက်ကျောင်းတော်
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၁၇)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၇၉၈) ဗိုလ်လောင်းကျော်ဇေယျာလင်းနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၃၀၈၂) ဗိုလ်လောင်းဖြိုးကျော်စွာဖေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

သင်တန်းဆင်းစစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်နည်းပညာတက္ကသိုလ်ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ်ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

လမ်းလျှောက်ပါ

ဝေလီဝေလင်း၊ နံနက်ခင်း
ခြေခင်းလက်သာ၊ လမ်းလျှောက်ပါ။
နှင်းမှုန်ဖွေးဖွေး၊ ဆောင်းအေးအေး
နွေးထွေးစေရာ၊ လမ်းလျှောက်ပါ။
ညနေဆည်းဆာ၊ အလှဖြာ
ကျန်းမာစေရာ၊ လမ်းလျှောက်ပါ။
သွေးတိုးလည်းကျ၊ အဆီချ
လှပစေရာ၊ လမ်းလျှောက်ပါ။
နှလုံးသည်းစိုင်၊ အရိုးတိုင်
ကြံ့ခိုင်စေရာ၊ လမ်းလျှောက်ပါ။
အချိုဓာတ်ကင်း၊ စိတ်သန့်ရှင်း
ဘေးကင်းစေရာ၊ လမ်းလျှောက်ပါ။
ဉာဏ်ရည်ထက်မြက်၊ လန်းဆန်းတက်
သွက်လက်စေရာ၊ လမ်းလျှောက်ပါ။ ။

တက္ကသိုလ်ညိုညိုသန့်

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

၁၉၇၄-၁၉၇၉ခုနှစ် ဥပဒေ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို၂၀၀၉ခုနှစ် ဇန်နဝါရီ၁၀ရက် (စနေနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးမြဟန် ဖုန်း-၀၉-၅၁-၃၉၅၇၆၊ ဒေါက်တာ တင်မေထွန်း ဖုန်း-၀၉-၅၀-၂၀၅၄၃၊ ဒေါ်ဥမ္မာသျှား ဖုန်း-၀၉-၅၁-၄၄၃၅၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀-၀၂၉၅၀၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း-၀၉-၅၁-၈၇၈၅၀နှင့် ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁-၅၅၉၁၇ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ယနေ့ နံနက်၉နာရီက ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ဌာနအလိုက် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက် ဆောင်ရွက်ရမည့် အစီအမံများနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားတိုးတက်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လက်ရှိစိုက်ပျိုးမွေးမြူမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်ရေးကိစ္စများကို မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ တပျော်တပါးဆင်နွှဲ

လားရှိုး ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၈ခုနှစ် ဒီဇင်ဘာအားကစားလ လူထု စုပေါင်းလမ်းလျှောက်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၇ရက် နံနက် ၅နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အားကစား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်တို့တက်ရောက်ခဲ့ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က ၂၀၀၈ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးဒေါ်ချယ်ရီ၊ ဝန်ကြီးတို့သည် စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများနှင့် အတူ လားရှိုးမြို့ မြို့တော်ခန်းမရှေ့မှ ပြည်ထောင်စု အားကစားကွင်းအထိ တပျော်တပါးစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြပြီး**(အပေါ်ယာပုံ)**အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများသည် ပြည်ထောင်စု အားကစားကွင်းအတွင်း လားရှိုးမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ အေရိုးဗစ် အလှပြ လေ့ကျင့်ခန်း၊ အမျိုးသား ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများဖြင့် သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းချီးမြှင့်ပေးအပ်သည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဦးမောင်မောင်အောင်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လားရှိုးတပ်နယ် တပ်ရင်း တပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ လားရှိုးမြို့ပေါ်ရှိအခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ စုစုပေါင်း အင်အား၂၅၀၀၀ကျော်ပါဝင်စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်းသိရသည်။

(ပြည်နယ်ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ တိမ်ဖြစ်ထွန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ၁၉ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုကိုဖော်ပြရပါလျှင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

တိမ်အသင့်အတင့်

ဒီဇင်ဘာ ၂၀ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကိုခန့်မှန်းရပါက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာမည်

ဒီဇင်ဘာ၂၀ရက်**(ယနေ့)**နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်မူ အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်ဖြစ်ထွန်း

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်ရောက် သီပေါမြို့သူ၊ မြို့သားများ စုပေါင်း၍ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသားကျောင်းသူများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၀ရက် (စနေနေ့)နံနက်၁၀နာရီတွင် ကမ္ဘောဇသာသနာ့ဗိမာန် ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသက်၇၅နှစ်ပြည့်ပြီးသော အဘိုးအဘွားများနှင့် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများသည်၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက် နောက်ဆုံးထား၍ ဦးစိုင်းလူ ဖုန်း-၀၉-၅၀-၅၅၆၄၆၊ ဒေါ်နန်းခင်အုံးကြည် ဖုန်း-၅၄၄၇၇၀ နှင့် ဒေါ်ခင်မာလာစိုး ဖုန်း-၀၉-၅၀-၇၀၄၄၂ တို့သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးလက်လူနေမှုအဆင့်မြှင့်တင်ဖို့ ယူကလစ်ပင် စိုက်ပျိုးစို့

မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍမှ ပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပဝင်ငွေ ရှာဖွေရေးကိုလည်း နှစ်ပေါင်းများစွာ အထောက်အကူပေးလျက် ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် **သဘာဝသစ်တော သယံဇာတ အရင်းအမြစ်များကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရင်း တစ်ဖက်မှလည်း ပြည်သူလူထုအတွက် သစ်၊ ထင်းလိုအပ်ချက်နှင့် စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူပြုစေရန် ရည်ရွယ်၍ သစ်တောစိုက်ခင်းများကို နှစ်စဉ်တိုးချဲ့ တည်ထောင်စိုက်ပျိုးလျက် ရှိသည်။**

ကျေးလက်ပြည်သူများ ပျဉ်ကာ၊ ပျဉ်ခင်း၊ သစ်သားအိမ်နှင့်အဆင့်မြင့်စွာ နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သော စေတနာမှန်ဖြင့် လမ်းညွှန်မှာကြားချက်အရ အိမ်ထောင်စုတိုင်း မိမိတို့၏ အိမ်ခြံဝင်းအတွင်း၌ ကျွန်းသုံးပင်၊ ယူကလစ်အပင်၂၀စီကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရန်နှင့် ကျေးရွာတိုင်း ကျေးလက်အိမ်ရာ ထူထောင်ရေး ယူကလစ်စိုက်ခင်း တစ်ဧကစီ စိုက်ပျိုးကြရန် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယူကလစ်ဆိုသည်မှာ

ယူကလစ်ပင်သည် မြန်မာနိုင်ငံဒေသမျိုးရင်း သစ်မျိုးမဟုတ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ် အတန်ကြာကပင် သယ်ယူစိုက်ပျိုးခဲ့သည့်အတွက် ပြည်သူများနှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။ ယူကလစ်မျိုးစုသည် Myrtaceae မျိုးရင်းတွင်ပါဝင်ပြီး မျိုးစိတ်၇၀၀ခန့်ရှိသည်။ အဓိကစိုက်ပျိုးသည့် မျိုးစိတ်များမှာ E. camaldulensis, E.grandis, E.robusta, E.tereticornis, E.saligna, E.grobules နှင့် E.citrio-dora တို့ ဖြစ်သည်။

E. camaldulensis သည် အမြဲစိမ်းသစ်မျိုးဖြစ်ပြီး အမြင့်ပေ ၆၀မှ ၁၂၀အထိ၊ လုံးပတ် ၁၀ပေမှ ၁၂ပေအထိရှိသည်။ ဖေဖော်ဝါရီလတွင် အပွင့်ပွင့်လေ့ရှိပြီး ဧပြီလတွင် အသီးသီး၍ ဇွန်လနှင့်ဇူလိုင်လတွင် သစ်စေ့စုဆောင်းနိုင်သည်။ E.grandis သည် အမြင့်ပေ ၁၂၀မှ၁၈၀အထိ၊ လုံးပတ် ၁၀ပေမှ၁၅ပေအထိရှိသည်။ ဩဂုတ်လမှ စက်တင်ဘာလအတွင်း အပွင့်ပွင့်လေ့ရှိပြီး မတ်လနှင့်ဧပြီလတွင် သစ်စေ့ စုဆောင်းနိုင်သည်။

ယူကလစ်သစ်မျိုးသည် မိုးရေချိန် ၁၀လက်မှ လက်မ၇၀အတွင်း၊ အပူချိန် ၁ဒီဂရီ စင်တီဂရိတ်မှ ၄၀ဒီဂရီစင်တီဂရိတ်အထိနှင့် မြေပြန့်ဒေသများမှ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၀၀၀ကျော်အထိလည်းကောင်း၊ သဲဆန်သောမြေမှ နုန်းမြေအထိလည်းကောင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

မြန်မာနိုင်ငံတွင် ယူကလစ်စိုက်ပျိုးမှု

သစ်တောဦးစီးဌာနသည် ၁၉၂၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၌ ယူကလစ်မျိုးစိတ်ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ E.camaldulensis မျိုးစိတ်သည် ပူပြင်းခြောက်သွေ့သောရာသီဥတုနှင့် မြေညံ့တွင် ရှင်သန်ပေါက်ရောက်နိုင်ခြင်း၊ စိုက်ခင်းတည်ထောင်ရန် လွယ်ကူခြင်းတို့ကြောင့် ၁၉၇၀ပြည့်နှစ်မှစတင်၍ ယင်းမျိုးစိတ်ကို ကျယ်ကျယ်ပြန့်ပြန့်တည်ထောင် စိုက်ပျိုးခဲ့သည်။ E.grandis မှာ အအေးပိုင်းတောင်ပေါ်ကုန်းမြင့်ဒေသတွင် အောင်မြင်ဖြစ်ထွန်းသဖြင့် ၁၉၇၈ခုနှစ်မှစ၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ်တွင် စိုက်ပျိုးခဲ့ပြီး စက်မှုကုန်ကြမ်းစိုက်ခင်းအနေဖြင့်လည်း ပြင်ဦးလွင်မြို့နယ်တွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။

ယူကလစ်သစ်မျိုးကို တစ်ပင်နှင့်တစ်ပင် ကိုးပေ အကွာအဝေးဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင် အပင် ၅၄၀ရရှိမည်ဖြစ်ပြီး ငါးနှစ်အကြာတွင် ယူကလစ်တစ်ပင်မှ သစ် ၇ ဒသမ ၈၁ကုဗပေ ရရှိနိုင်သဖြင့် တစ်ဧကလျှင် ၈၄ ဒသမ ၃၈တန်ရရှိနိုင်မည် ဖြစ်သည်။ ၁၀နှစ်သား အပင်တစ်ပင်လျှင် ၁၈ဒသမ၂၁ကုဗပေ၊ ၁၅နှစ်သားတစ်ပင်လျှင် ၃၄ဒသမ ၃၄ကုဗပေ အသီးသီး ရရှိနိုင်မည်ဖြစ်ရာ အိမ်တစ်လုံးဆောက်လုပ်ရန် လိုအပ်သည့် သစ်ခွဲသား ၅ ဒသမ ၃၇တန်အတွက် ယူကလစ်ရှစ်ပင် စိုက်ပျိုးထားရုံမျှဖြင့် သစ်လိုအပ်ချက် အပြည့်အဝရရှိနိုင်မည် ဖြစ်သည်။

ထို့အပြင် ယူကလစ်ပင်သည် တစ်ကြိမ်ခုတ်လှဲပြီးနောက် ခြောက်နှစ်အကြာတွင် ငုတ်တက်မှ ပြန်လည်ပေါက်လာသည့်သစ်ကို တစ်ကြိမ်ပြန်လည်ခုတ်ယူသုံးစွဲနိုင်သည်။ ထို့ကြောင့် တစ်ကြိမ်စိုက်ပျိုးထားရုံဖြင့် ထပ်မံစိုက်ပျိုးရန်မလိုအပ်ဘဲ အကြိမ်ကြိမ် ခုတ်ယူသုံးစွဲနိုင်သည်။ ယူကလစ် သစ်မျိုးသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေဆီလွှာနှင့်ကိုက်ညီသဖြင့် နေရာအတော်များများတွင် စိုက်ပျိုးနိုင်သည်။ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းကို အလွယ်တကူဆောင်ရွက်နိုင်သဖြင့် ကျေးလက်ပြည်သူများ ကိုယ်တိုင်စိုက်ပျိုးနိုင်သည်။

ယူကလစ်၏အသုံးဝင်ပုံ

ယူကလစ်ပင်များမှ ပြည်သူများအတွက် ထင်း၊ မီးသွေး၊ ခြံတိုင်၊ အိမ်တိုင်၊ သစ်များနှင့်လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ရယူထုတ်လုပ် သုံးစွဲနိုင်သည်။ စက္ကူပျော့ဖတ်များ ပြုလုပ်ရာတွင်လည်းကောင်း၊ သစ်အရည်အသွေးကောင်းမွန်

ညီ (သစ်တောသုတေသန)

သည့်အတွက် ဇလီဖားတုံး၊ သတ္တုတွင်း ထောက်တိုင်များနှင့် တံတားများ တည်ဆောက်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။ သဘာဝသစ်တောများ ပြုန်းတီးပြီး တန်ဖိုးမဲ့နေသော မြေများတွင် ယူကလစ်ပင်များ စိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း စိမ်းလန်း စိုပြည်လာစေသည်သာမက ဆည်၊ ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများတွင် ယူကလစ်ပင်များ စိုက်ပျိုးပါက နုန်းအနည်းပို့ချမှုနှင့်မြေဆီလွှာ ပြုန်းတီးမှုလျော့နည်း သက်သာစေသည်။ ယူကလစ်သစ်မျိုးများကို လေကာတန်းအဖြစ်စိုက်ပျိုးပါက လေတိုက်နှုန်းကို ၄၀ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်ကြောင်း လေ့လာမှုများအရ သိရှိရသည်။

E.camaldulensis ကို ပျော့ဖတ်နှင့်စက္ကူလုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသည်။ စစ်တောင်းစက္ကူစက်တွင် အဆိုပါယူကလစ်သစ်မျိုးကို ဝါးနှင့်ရောနှော၍ ပိုမိုချောမွေ့သော စက္ကူအမျိုးအစားများ ထုတ်လုပ်ရရှိနိုင်ကြောင်း စမ်းသပ်တွေ့ရှိထားပြီးဖြစ်သည်။

ယူကလစ်ရွက်မှ ဆေးဖက်ဝင် ယူကလစ်ဆီ၊ စက်မှုလုပ်ငန်းသုံး ယူကလစ်ဆီနှင့် ရေမွှေးထုတ်လုပ်ရာတွင် အသုံးပြုသော ယူကလစ်ဆီတို့ကိုလည်း ထုတ်ယူသုံးစွဲနိုင်သည်။

E. camaldulensis သည် ကြာရှည်ခံသောသစ်မျိုးဖြစ်သဖြင့် မြေကြီးနှင့်ထိစပ်သောနေရာများတွင် အသုံးပြုပါက ၁၅နှစ်အထိ ကြာရှည်ခံနိုင်ပြီး မြေကြီးနှင့်မထိသော နေရာများတွင် အသုံးပြုပါက နှစ်၂၀ကျော်အထိ အသုံးပြုနိုင်သည်။ အဆောက်အအုံဆောက်လုပ်ရာတွင် သစ်သားကို ရေနံချေးသုတ်၍ အသုံးပြုပါက ပိုမိုကြာရှည်စွာ အသုံးပြုနိုင်သည်။ သစ်သားလိမ်ကောက်ခြင်းနှင့် ကွဲအက်ခြင်းမရှိစေရန် ခွဲစိတ်ပြီးသစ်များကို ချက်ချင်းအသုံးမပြုဘဲ သဘာဝလေတွင် အခြောက်ခံပြီးမှ အသုံးပြုရန် လိုအပ်သည်။

ကျေးလက်ပြည်သူများ စိုက်ပျိုးအသုံးပြုမှု

ယူကလစ်သစ်သည် အကြီးမြန်ပြီး ဘက်စုံအသုံးဝင်သော သစ်မျိုးဖြစ်သဖြင့် အချို့သော မြို့နယ်များရှိ ကျေးလက်ပြည်သူများသည် မိမိတို့၏ အိမ်ဘေး၊ ယာစည်းရိုးဘေး၊ ရွာလမ်းဘေးဝဲ/ယာများတွင် ယူကလစ်ပင်များ စိုက်ပျိုးကြသည်။ ၁၉၈၀ပြည့်နှစ်က သာယာဝတီခရိုင်ရှိ ကျေးရွာ၁၂ရွာတွင် ယူကလစ်သစ် သုံးစွဲနေမှုများကို လေ့လာခဲ့သောမှတ်တမ်းအရ လယ်ယာသုံး ပစ္စည်းများအဖြစ် လှည်းထမ်းပိုး၊ ထွန်တုံး၊ လှည်းတံ၊ ထွန်တံ၊ ထယ်တံ၊ ဂျုတ်တံ၊ ဓားကြမ်းတံ၊ စပါးကြိတ်စင်တန်း၊ ဆောက်ရိုးနှင့်အိမ်ဆောက်ပစ္စည်းများအဖြစ် တိုင်၊ ထုပ်၊ လျောက်၊ ဒိုင်း၊ ရက်မ၊ အခြင်၊ ဆင့်၊ တံခါးပေါင်၊ လှေကားဆံများအဖြစ် အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၉၂ခုနှစ် တွင် ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာ၌ ရှစ်နှစ်သားအရွယ် ယူကလစ်သစ်သားဖြင့် နှစ်ထပ်ပျဉ်ထောင်အိမ် ဆောက်လုပ်ခဲ့ကြောင်း တွေ့ရှိရပြီး အဆိုပါအိမ်ကို နမူနာယူ၍ လက်မောင်းကွေး တောင်ရိုးတစ်လျှောက်တွင် ယူကလစ်ပင်များစိုက်ပြီး ပျဉ်ထောင်အိမ်များ ဆောက်လုပ်ထားကြသည်ကို တွေ့ရှိနိုင်သည်။ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဒိုးကွင် အမြဲတမ်းပျိုးဥယျာဉ်အတွင်း ဒေသခံပြည်သူများလေ့လာနိုင်ရန် စံနမူနာအဖြစ် ယူကလစ်သစ်တစ်မျိုးတည်းဖြင့် အိမ်တစ်လုံး ဆောက်လုပ်ပြသထားသည်။ အဆိုပါအိမ်မှာ ရှစ်နှစ်သားရှိ E.grandis ၁၀ပင်မှ ထွက်ရှိသော ခွဲသားဆိုဒ်စုံ ၅ဒသမ၄၆တန်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ကျေးလက်ဒေသများတွင် ယူကလစ်ပင်များ စိုက်ပျိုးနိုင်ခြင်းဖြင့် ပြည်သူများ၏ သစ်တောထွက်ပစ္စည်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြင်ပမှဝယ်ယူသုံးစွဲရသည့် ကုန်ကျစရိတ် လျော့နည်းသက်သာစေမည်ဖြစ်သည်။

ယူကလစ်သစ်ကို ခေတ်မီနည်းပညာများ အသုံးပြု၍ ရုံးသုံး၊ အိမ်သုံး၊ ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်အသုံးချနေပြီဖြစ်သည်။ နေရာဒေသနှင့်ကိုက်ညီသော အကြီးမြန် ယူကလစ်သစ်မျိုးများအား တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သဘာဝတောများမှ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းကို လျော့ကျစေနိုင်ပြီး ဂေဟစနစ်တည်မြဲရေးနှင့် သဘာဝဝန်းကျင် တိုးတက်ကောင်းမွန်ရေးကိုလည်း အထောက်အကူပြုစေမည် ဖြစ်သည်။

ယူကလစ်သစ်မျိုးသည် ပူပြင်းခြောက်သွေ့သော ဒေသနှင့် မြေညံ့များတွင်ပင် ပေါက်ရောက်ရှင်သန်နိုင်စွမ်းရှိသဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသများတွင် စိုက်ခင်းများ တည်ထောင်ရာ၌ အောင်မြင်မှုရှိပြီး ကြီးထွားနှုန်းကောင်းမွန်သည့်အပြင် ဘက်စုံအသုံးဝင်သည့် ယူကလစ်ပင်များကို ကျေးရွာအသီးသီးရှိ မိမိတို့၏ နေအိမ်ခြံဝင်းများ၊ ဥယျာဉ်ခြံမြေများနှင့် မြေလွတ်မြေလပ်များတွင်စိုက်ပျိုးပါက ကျေးလက်ပြည်သူများ၏ လယ်ယာသုံးကိရိယာ၊ နေအိမ်၊ စာသင်ကျောင်း၊ စာကြည့်တိုက်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်လိုအပ်သည့်သစ်အတွက် ပူပန်စရာမလိုဘဲ အလွယ်တကူ ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း၃၀၀၀ကျော်တွင် ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ယူကလစ်ပင်ပေါင်း ၁၀သန်းခန့် စိုက်ပျိုးရန်အတွက် အပင်များပျိုးထောင်ခြင်း၊ စည်းရုံးပညာပေးခြင်းနှင့် နည်းပညာကူညီပံ့ပိုးခြင်းများ စီမံဆောင်ရွက်လျက်ရှိရာ ကျေးရွာအလိုက်၊ အိမ်ထောင်စုအလိုက် တိုးချဲ့စိုက်ပျိုးလာသည်နှင့်အမျှ မိသားစုဝင်ငွေတိုးလုပ်ငန်းမှသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအထိ အကျိုးရှိလာမည်မှာ ဧကန်အမှန် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သဘာဝသစ်တော သယံဇာတ အရင်းအမြစ်များကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရင်း တစ်ဖက်မှလည်း ပြည်သူလူထုအတွက် သစ်၊ ထင်း လိုအပ်ချက်နှင့် စိမ်းလန်းစိုပြည်ရေးကို ပိုမိုအထောက်အကူပြုစေရန် ရည်ရွယ်၍ သစ်တော စိုက်ခင်းများကို နှစ်စဉ်တိုးချဲ့တည်ထောင်စိုက်ပျိုးလျက်ရှိ။

မကွေးကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

မကွေးကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ(၁၉၆၄-၁၉၇၆)၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ကျောင်းသားဟောင်း ဦးတင်ငွေအောင်က ကန်တော့ပန်ကြားလွှာကို တိုင်ပေးပြီး ကျောင်းသား ကျောင်းသူဟောင်းများက ရွတ်ဆို၍ အပူဇော်ခံဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြကာ ငွေနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ (ဝဲပုံ)

သြဝါဒစကားပြောကြား

ဆက်လက်၍ ဆရာကြီး ဆရာမကြီးများကိုယ်စား ဒေါက်တာမောင်ဒီ၊ ဦးဝင်းမောင်၊ ဒေါက်တာစိုးရင်နှင့် ဒေါ်ခင်နုတို့က သြဝါဒစကားပြောကြားကြပြီး ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ကိုယ်စား ဒေါ်ကြည်ကြည်တင်နှင့် ဒေါ်ခင်သန်းစိန်တို့က ပူဇော်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးဘာဘာချိုနှင့် ဒေါ်တင်တင်ရီတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝေါမြို့ ခတ္တာလမ်းဂဝံခင်း ဆောင်ရွက်

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အေးချမ်းသာယာရပ်ကွက် ခတ္တာလမ်း ဂဝံခင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

“ပညာရေးအဆင့်အတန်း တိုးမြှင့်ပေးလိုက်တာကြောင့် အနာဂတ်အတွက် ပညာတတ်လူငယ်လူရွယ်တွေ များစွာပေါ်ထွန်းလာနိုင်ပါတယ်။

ဒေါက်တာစိုးညွန့်
ဒုတိယပါမောက္ခချုပ်
ထားဝယ်တက္ကသိုလ်

● **ကျောဖုံးမှ**

ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစိုးညွန့်က ပြောကြားရာတွင် “ထားဝယ်တက္ကသိုလ် ဖြစ်ပေါ်လာပုံနှင့် ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့ ထားဝယ်တက္ကသိုလ်ဟာ ၁၉၇၇ခုနှစ်မှာ တနင်္သာရီတိုင်း ဒေသကောလိပ်ဆိုပြီး ရှိခဲ့ပါတယ်။ ဒီကောလိပ်ကို ၁၉၈၁ခုနှစ်မှာတော့ ထားဝယ်ဒီဂရီကောလိပ်ဆိုပြီး ပြောင်းလဲခဲ့ပါတယ်။ ၁၉၉၉ခုနှစ်မှာတော့ ထားဝယ်ဒီဂရီကောလိပ်ဆိုပြီး ဖြစ်လာပြန်ပါတယ်။ ၂၀၀၀ပြည့်နှစ်မှာတော့ ဒီဂရီကောလိပ်ကို ထားဝယ်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ပါတယ်”ဟု ဦးစွာရှင်းပြသည်။

“ကျွန်တော်တို့ ဒီဒေသမှာ ဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးလိုက်တဲ့အတွက် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ၊ မဟာသုတေသနဘွဲ့တွေအထိ ဒီထားဝယ်တက္ကသိုလ်မှာ ပေးလို့ရနေပါပြီ။ ဒီလိုပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးလိုက်တာကြောင့် ဒေသတွင်းမှာ ပညာတတ်လူငယ်လူရွယ်တွေ ပိုပြီးများလာမယ်၊ ဒီကတစ်ဆင့်ဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ အရေးပါတဲ့ လူ့စွမ်းအား အရင်းအမြစ်သစ်တွေ ပေါ်ထွန်းလာပြီး ခေတ်မီတိုးတက်တဲ့ နိုင်ငံသစ်ဆီသို့ ချီတက်သွားနိုင်မှာပေါ့”ဟူ၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးညွန့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ကျွန်တော်တို့ ဒီတက္ကသိုလ်ကြီးမှာ ဝိဇ္ဇာနဲ့သိပ္ပံ နှစ်မျိုးစလုံးအတွက် အထူးပြုဘာသာရပ် ၁၄မျိုး သင်ကြားပို့ချပေးနေပါတယ်။ လက်ရှိ နေ့ကျောင်းတက်သူ ၂၀၄၆ဦးနဲ့ အဝေးသင် တက်ရောက်သူ ၂၀၇၅ဦးရှိပါတယ်။ ကျောင်းသူကျောင်းသား ၈၀၀၀အထိ တက်ရောက်ပညာသင်ကြားနိုင်တဲ့ တက္ကသိုလ်ကြီးဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ရှင်းပြသည်။

အဆောက်အအုံ

သတင်းအဖွဲ့သည် ကြီးကျယ်ခမ်းနားလှသည့် ထားဝယ် တက္ကသိုလ်ကြီးကိုလည်း လှည့်လည်ကြည့်ရှု လေ့လာခဲ့သည်။ တက္ကသိုလ်အဆောက်အအုံသစ်ကြီးကို ၂၀၀၄ခုနှစ်က စတင် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ လေးထပ်အဆောက်အအုံကြီးဖြစ်သည်။ စာသင်ခန်းနှင့် အိုင်တီနှစ်မျိုးပေါင်းအခန်း ၇၈ခန်းပါဝင်သည်။ ယင်းထားဝယ် တက္ကသိုလ်ကြီးသည် ထားဝယ်မြို့နှင့် သုံးမိုင်အကွာ လောင်းလုံးမြို့နယ်အတွင်း တည်ရှိသည်။

ပင်မအဆောက်အအုံ

ယခုအခါ ပင်မတက္ကသိုလ်ကျောင်း အဆောက်အအုံကြီးမှာ ပြီးစီးနေပြီဖြစ်သော်လည်း ကျောင်းပရဝဏ်အတွင်း အခြားလိုအပ်သည့် အဆောက်အအုံများနှင့် မြေယာရှုခင်းများ ထပ်မံဖြည့်စွက် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသတွင်းရှိ ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး အခွင့်အလမ်းများ ရရှိရေးအတွက် ရည်ရွယ်လျက် ဒီဂရီကောလိပ်နှင့် အဆင့်မြင့် တက္ကသိုလ်ကြီးများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်သစ်များ ပေါ်ထွန်းကာ ဒေသ၏ တိုးတက်ပြောင်းလဲမှုကို များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဝင်ဌာန အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပထဝီဝင်မိသားစုများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို တက္ကသိုလ်များဓမ္မာရုံ၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ကျင်းပမည်ဖြစ်ရာ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၅၁-၇၃၇၃၈၊ ဦးချားလ် ဖုန်း-၀၉-၅၀-၀၇၇၁၂၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း-၂၂၉၁၇၄၊ ဦးစိန်အောင် ဖုန်း-၀၉-၉၉-၂၅၅၅၀၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀-၀၅၈၃၀၊ ဦးနေအောင် ဖုန်း-၀၉-၅၁-၃၁၈၀၉၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၂၉၈၉၊ ဒေါ်မေမြတ်သူ ဖုန်း-၀၉-၈၀-၃၄၄၅၇၊ ဒေါက်တာချိုချိုသွင် ဖုန်း-၀၉-၅၁-၄၃၂၈၅၊ ဒေါက်တာယုယုမော် ဖုန်း-၀၉-၅၁-၄၀၈၅၀၊ ဒေါ်ငွေငွေမြင့်၊ ဒေါ်အေးအေးမောက်၊ ဒေါ်သစ်သစ်လှ၊ ဒေါက်တာရီရီမြင့်၊ ဒေါက်တာခင်နှင်းဖြူ ဖုန်း-၀၉-၅၁-၇၄၂၂၈၊ ဒေါက်တာမင်းအောင်ပန်း ဖုန်း-၀၉-၅၀-၂၀၄၄၂၊ ဒေါက်တာခင်ခင်ငွေ ဖုန်း-၀၉-၅၁-၈၁၉၆၀နှင့် ဒေါ်ကြည်ကြည်ဝင်း (ပထဝီဝင်ဌာန) ဖုန်း-၅၃၆၉၄၃တို့သို့ ဆက်သွယ်လျှဒါန်း နိုင်ကြောင်းနှိုးဆော်ထားသည်။

ကျင်းပမည်

ပထဝီဝင် မိသားစုများ၏ မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) ညနေ၄နာရီတွင် စိမ်းလန်းစိုပြည် (အင်းလျားလမ်း)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မကြာမီ ဖွင့်လှစ်တော့မည့် ထားဝယ်တက္ကသိုလ် ပင်မဆောင်ကို ဤသို့ သပ်ရပ်လှပခံ့ညားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ခြင်္သေ့ပေါက်သုံးကောင် မွေးဖွား

နေပြည်တော် ဒီဇင်ဘာ ၁၉

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ရှိ ခြင်္သေ့မ လုံမေသည် ဒီဇင်ဘာ ၁၈ရက် ည၇နာရီ ၂၂မိနစ်တွင် ခြင်္သေ့ပေါက်သုံးကောင် မွေးဖွားခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလမှာ ၁၁၄ရက် ဖြစ်သည်။

ရောက်ရှိ

ယင်းခြင်္သေ့မလုံမေသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ တိရစ္ဆာန်ဥယျာဉ်မှ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ၂၀၀၆ခုနှစ် ဩဂုတ် ၁၇ရက်တွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ဖွင့်လှစ်ပြီးနောက် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ခြင်္သေ့မ လုံမေနှင့်အတူ ဒီဇင်ဘာ၁၈ရက် ည၇နာရီ ၂၂မိနစ်တွင် ပေါက်ဖွားခဲ့သော ခြင်္သေ့ပေါက်သုံးကောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အရက်ပြန် သောက်သုံးမိသူသုံးဦး သေဆုံးမှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ ရွှေနိုင်ငံပုံနှိပ်စက်တွင် ပုံနှိပ်စက်ခဲပြား ဆေးရာတွင် အသုံးပြုသည့် အရက်ပြန်ကို ရေရော၍ အရက်အဖြစ် သောက်သုံးသူ သုံးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

သေဆုံး

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၁၇ရက် ည ၇နာရီတွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ ရွှေနိုင်ငံပုံနှိပ်စက်မှ ပုံနှိပ်စက်လုပ်သား ခင်မောင်သန်း၊ သန်းဝင်း(ခ)လှအေးသန်း၊ အောင်မြင့်သိန်း၊ မောင်မျိုး၊ တင်ထွန်း၊ မြင့်ကျော်တို့ ခြောက်ဦးသည် ပုံနှိပ်စက်၌ ခဲပြားဆေးရာတွင် အသုံးပြုသည့် အရက်ပြန်ကို ရေရော၍ အရက်အဖြစ် သောက်သုံးခဲ့ကြကြောင်း၊ ည ၉နာရီ ၁၅မိနစ်ခန့်တွင် ခင်မောင်သန်းမှာ သတိလစ် မေ့မြောသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ သေဆုံးသွားခဲ့ကြောင်း။

သန်းဝင်း(ခ)လှအေးသန်းနှင့် အောင်မြင့်သိန်းတို့သည်လည်း ဒီဇင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲခန့်တွင် သတိလစ်မေ့မြောသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ထပ်မံတင်ပို့ခဲ့ရာ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း။

စစ်ဆေး

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဗဟန်းရဲစခန်းမှ သေမှုသေခင်း ဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၂-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉း၅၅-၃း၅၅	**အား....နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇရာ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၇း၀၅-၁း၀၅	**တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)	၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
		၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
		၁၀း၂၀-၄း၂၀	Hotel Guide (Bagan Thiripyitsaya Sakura)
၈း၁၀-၂း၁၀	သီးနှံတို့၏ အရင်းအမြစ် ‘ရေ’	၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၁း၀၅-၅း၀၅	ငှက်ဖျားတိုက်ဖျက်ရေး အကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၈း၅၀-၂း၅၀	ယဉ်ကျေးသွင်ပြင် ဝတ်စားဆင် ပိုးချိတ်အသွင်	၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်	၁၁း၄၀-၅း၄၀	Own Creative Fashion
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၅၀-၅း၅၅	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာနီမင်းဆွေနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)	၁၁း၅၅-၅း၅၅	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
		၁၂း၂၅-၆း၂၅	သွားမယ်စားမယ် (Happy Cafe & Noodle)
၉း၅၀-၃း၅၀	နိုင်ငံတကာ သတင်းအကျဉ်း	၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Blackburn-Stoke City	STAR SPORTS (Live)
	Fulham-Middlesbrough	ESPN (Live)
၁၁း၅၅	Bolton-Portsmouth	ESPN (SDD)
	West Ham-Aston Villa	STAR SPORTS (Live)

Suzuki Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	Thailand-Indonesia	STAR SPORTS (Live)

ပရီမီယာလိဂ်ဖလားရယူရေးပြေးလမ်းပေါ်မှ ထိပ်သီးလေးသင်းအားပြိုင်မှု အနေအထား



လန်ဒန် ဒီဇင်ဘာ ၁၉

ပရီမီယာလိဂ်ပွဲစဉ်(၁၇)ကစားပြီးချိန်မှာ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ထူးထူးခြားခြား သရေပွဲတွေချည်းဖြစ်ခဲ့ကြတယ်။ ပရီမီယာလိဂ် ဖလားအတွက် အရေးကြီးဆုံးပွဲစဉ်တွေအဖြစ် အလေးထားပြီး ဖြတ်သန်းနေရချိန်မှာ သရေပွဲတွေဖြစ်ခဲ့တာမို့ ရာသီတစ်ဝက်ရဲ့ ရလဒ်အခြေအနေကို တွက်ချက်ပြီး အဆုံးသတ်မှာ ဘယ်အသင်းဖလားရသွားနိုင်မလဲဆိုတာ ခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်လိုဖြစ်နေဆဲပါပဲ။

ရပ်တည်နေ

လီဗာပူးဟာ ၁၇ပွဲကစားပြီးချိန်မှာ ၃၈မှတ်နဲ့ထိပ်ဆုံးမှာ ဦးဆောင်နေသလို ချယ်လ်ဆီးကလည်း ပွဲတူ၃၇မှတ်နဲ့ ဒုတိယနေရာက ကပ်လိုက်နေပါတယ်။ လက်ရှိချန်ပီယံ မန်ယူကတော့ တစ်ပွဲလျော့ ၁၆ပွဲနဲ့ ၃၇မှတ်ရနေပြီး တတိယနေရာမှာ ရှိနေသလို အာဆင်နယ်တို့က ၁၇ပွဲ အမှတ်၃၀နဲ့ ပဉ္စမနေရာမှာ ရပ်တည်နေကြပါတယ်။

ဗိုလ်စွဲခဲ့

ပရီမီယာလိဂ်ရဲ့ အစဉ်အလာအရဆိုရင်တော့ ရာသီထက်ဝက်ကုန်ချိန်မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းဟာ ဆုဖလားကို ရယူတတ်ကြတာမို့ ရာသီထက်ဝက်မှာ တန်းစီဇယားကို ဦးဆောင်နိုင်ဖို့ ထိပ်သီးလေးသင်းစလုံး ခြေကုန်ထုတ် ကြိုးစားနေကြတာပဲဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ ပြီးခဲ့တဲ့ ၁၀နှစ်တာကာလ ရာသီတစ်ဝက်ရဲ့ရလဒ်နဲ့ ရပ်တည်မှုအနေအထားကို ကြည့်ရင် ၂၀၀၁-၂၀၀၂ခုနှစ်က အာဆင်နယ်အသင်း ၃၆မှတ်နဲ့ ဒုတိယနေရာကနေပြီး ရာသီကုန်မှာ ဗိုလ်စွဲခဲ့တာကလွဲပြီး ကျန်တဲ့ ကိုးရာသီလုံးကတော့ ပထမရတဲ့အသင်းတွေပဲ ဗိုလ်စွဲခဲ့တာပါ။

ချယ်လ်ဆီးအတွက် အပြည့်အဝ ကစားပေးနိုင်တော့မယ့် ဒရော့ဘာ။

ခပ်ရေးရေးပုံဖော်

လက်ရှိ အနေအထားအရ တန်းစီဇယားထိပ်မှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းဟာ အိမ်ကွင်းမှာ သရေပွဲတွေ သုံးပွဲဆက်တိုက်ကျခဲ့တဲ့ ခြေစွမ်းအရဆိုရင် ဘင်နီတက်ဇ် ပြောသလို ပရီမီယာလိဂ် ဖလားရအောင် ယူမယ်ဆိုတဲ့ ကြုံးဝါးမှုဟာ ရပ်လုံးပေါ်လာဖို့ သိပ်မလွယ်ပါဘူး။ အားထားနေရတဲ့ တောရက်စ်နဲ့ ဂျော်ဘီကိန်းတို့ကလည်း ဒဏ်ရာတွေနဲ့ ထွေးလုံးရစ်ပတ် နေတာမို့ ဂျရတ်တစ်ဦးတည်းအားနဲ့တော့ မဖြစ်နိုင်ပါဘူး။ ဘင်နီတက်ဇ် အနေနဲ့ ဇန်နဝါရီ အပြောင်းအရွှေ့မှာ အားထပ်ဖြည့်မှ ရည်မှန်းချက်ကို ခပ်ရေးရေးပုံဖော်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် လာမယ့် ပရီမီယာလိဂ် ပွဲစဉ်(၁၈)မှာ အာဆင်နယ်နဲ့ ကစားရမှာမို့ ဒီပွဲရလဒ်က နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ အနေအထားတွေ ဖြစ်နေတယ်။ ဒီပွဲမှာ လီဗာပူးနိုင်ရင် ဖလားရယူရေးအတွက် အရေးပါတဲ့ ခြေလှမ်း တစ်လှမ်းဖြစ်သလို အာဆင်နယ် ရှုံးခဲ့ရင်တော့ ဒီနှစ် ပရီမီယာလိဂ် ဖလားကို လက်လွတ်ရမှုနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

အထူးဂရုစိုက်

နည်းပြ စကိုလာရီရဲ့ ချယ်လ်ဆီးတို့ကတော့ ပွဲစဉ်(၁၇)ပွဲ ကစားပြီးချိန်မှာ သရေလေးပွဲ၊ ရှုံးပွဲနှစ်ပွဲနဲ့ အိမ်ကွင်းမှာ ရလဒ်တွေ ကမောက်ကမ ဖြစ်နေခဲ့ပေမယ့် ဖလားရရှိရေးမှာတော့ ရေပန်းအစားဆုံး ဖြစ်နေပါတယ်။ ပွဲစဉ် ၁၇ မှာ သရေပွဲ ဖြစ်ခဲ့လို့ ချယ်လ်ဆီးရဲ့ မျှော်လင့်ချက်လည်း မှုန်ဝါးဝါးတော့ ဖြစ်စေခဲ့တာပါပဲ။ ဒရော့ဘာ ပုံမှန်ကစားနိုင်တဲ့ အခြေအနေရှိပေမယ့် ကြံ့ခိုင်မှုတော့ မပြည့်ဝသေးပါဘူး။ အနယ်လ်ကာက အားထားရပြီး ဂိုးသွင်းနိုင်ပေမယ့် ကစားပေါက်တူနေလို့ နှစ်ဦးစလုံး တစ်ပြိုင်နက် ပွဲထွက်လို့ မရတာမို့ ပွဲတိုင်း တိုက်စစ်မှူး တစ်ဦး ဆုံးရှုံးနေရတဲ့ အဖြစ်နဲ့ ကြုံတွေ့နေရပြန်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီး ပိုင်ရှင် အီဗရာမိုဗစ်က ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ဖလားတွေမှာ အနည်းဆုံးဖလားတစ်လုံးလိုချင်တယ်လို့ နည်းပြစကိုလာရီကို တောင်းဆိုထား ပါတယ်။ လီဗာပူးရဲ့ထိပ်ဆုံးကဦးဆောင်မှုနဲ့ မန်ယူရဲ့ဖိအားပေးမှုတွေကြားက မွန်းကျပ် နေတဲ့ချယ်လ်ဆီးဟာ လာမယ့်ပွဲတွေမှာ ရှုံးပွဲမကြုံတွေ့ဖို့ အထူးဂရုစိုက်မှ ရတော့မယ့် အနေအထားပါပဲ။

ရလဒ်ကောင်း

လက်ရှိချန်ပီယံ မန်ယူအတွက် ဂိုးသွင်းပေးတဲ့ ရှုန်နေ။

အဝေးကွင်းမှာ သရေပွဲ၊ ရှုံးပွဲတွေနဲ့ ကြုံတွေ့နေတဲ့ လက်ရှိ ချန်ပီယံမန်ယူတို့ကတော့ တစ်ပွဲလျော့အနေအထားနဲ့ တတိယ နေရာကနေပြီး ထိပ်ဆုံးကအသင်းတွေကို ဖိအားပေးနေပေမယ့် ပွဲစဉ်(၁၇)မှာ စပါးကို သရေကျခဲ့တာကတော့ ရင်နာစရာပါပဲ။ တကယ်လို့ နိုင်ပွဲသာရခဲ့ရင် ပရီမီယာလိဂ် ထိပ်ဆုံးအသင်းတွရဲ့ ဖလားမျှော်လင့်ချက်တွေကို ယိမ်းယိုင်သွားစေတဲ့အထိ ထိခိုက်သွားစေနိုင်ပါတယ်။ မန်ယူမှာ ဒဏ်ရာရနေတဲ့ ပေါလ်စခိုးနဲ့ ဟားဂရေ့ဗ်စ်တို့ ပြန်ကစားနိုင်ပေမယ့် ပွဲချိန်ပြည့်တော့ မကစားနိုင်သေးပါဘူး။ စီရိုနယ်ဒို၊ ဂစ်၊ နာနီ၊ အန်ဒါဆင်၊ ပက်ဂျီဆန်တို့ရဲ့အားကြောင့် ကွင်းလယ်ကစားအားက ပုံမပျက် ရှိနေပါတယ်။ တိုက်စစ်မှာ ဘာဘာတော့ဗ် ဒဏ်ရာရနေပေမယ့် ရှုန်နေနဲ့တီဗက်ဇ်တို့က အသုံးတည့်နေပါတယ်။ မန်ယူ ကစားသမားတွေဟာ နေရာအလိုက် အားနည်းချက်မရှိပေမယ့် ဒဏ်ရာရမှုနဲ့ ပွဲပယ် ပြစ်ဒဏ်တွေရှောင်နိုင်ရင်တော့ ဖာဂူဆန်နဲ့ သူ့တပည့်တွေ ဖလားကာကွယ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အခုထိခြေစွမ်းပုံမှန်ရအောင် မထိန်းနိုင်သေးတာကလည်း အားနည်းချက် တစ်ရပ်မို့ ပြင်ဆင်ဖို့လိုနေပါတယ်။ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းအောင် ကြိုးစားမှ မန်ယူတို့ဆန္ဒပြည့်ဝနိုင်မှာပါ။

ဖောင်ဖျက်ကစား

ထိပ်သီးလေးသင်းထဲမှာ ဖလားရရေးမျှော်လင့်ချက် အနည်းဆုံးကတော့ အာဆင်နယ်ပါပဲ။ အဓိကကစားသမားတွေ ဖြစ်တဲ့ ရိုဆစ်စကီး၊ ဝေါလ်ကော့၊ နာဆာရီနဲ့ တိုရေးတို့ ဒဏ်ရာတွေရနေလို့ ပွဲရလဒ်တွေကလည်း ထိခိုက်နေပါတယ်။ တာထွက်ကောင်းပေမယ့် ပွဲတွေကစားရတာနဲ့အမျှ ရလဒ်တွေဆိုးရွားနေတတ်တာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ ကတည်းကပါပဲ။ တောင့်တင်းတဲ့ အရန်ကစားသမားကောင်းတွေ လိုအပ်နေတဲ့အပြင် လာမယ့်ပွဲစဉ်(၁၈)မှာ လီဗာပူးနဲ့ ကစားရမယ့်ပွဲကလည်း ဖလားမျှော်လင့်ချက်အတွက် အရေးပါနေတာမို့ အနိုင်ကစားမှ ရမယ့်အနေအထားပါပဲ။ တကယ်လို့ ရှုံးပွဲကြုံခဲ့ရင် ဖလားရယူရေး ကြိုးဝိုင်းအပြင်ကိုထွက်ရမယ့် အခြေအနေမို့ အာဆင်နယ်တို့ ဖောင်ဖျက်ကစားမှာ သေချာပါတယ်။

ဒါကြောင့် ပွဲစဉ်(၁၇)မှာ သရေပွဲတွေချည်း ကြုံတွေ့ခဲ့ရတဲ့ ထိပ်တန်းလေးသင်းဟာ ဖလားရယူရေး ပြေးလမ်းပေါ်မှာ ပြတ်သားတဲ့ ရလဒ်ပေါ်အောင် အားမလျှော့ဘဲ ပြေးနေဆဲဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေရေးသည်

ပရီမီယာလိဂ်ရဲ့ အစဉ်အလာအရဆိုရင်တော့ ရာသီထက်ဝက်ကုန်ချိန်မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းဟာ ဆုဖလားကို ရယူတတ်ကြတာမို့ ရာသီထက်ဝက်မှာ တန်းစီဇယားကို ဦးဆောင်နိုင်ဖို့ ထိပ်သီးလေးသင်းစလုံး ခြေကုန်ထုတ် ကြိုးစားနေကြတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဂူရှူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၀၈ခုနှစ် ပထမကြိမ် ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက် ဂူရှူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီခွဲက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲဝင် အားကစားသမားများက သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲကို ကာကွယ်ရေး၊ စက်မှု(၂)၊ ပြည်ထဲရေး၊ ရန်ကုန်မြို့တော်စည်ပင်၊ ရထားပို့ဆောင်ရေး၊ သစ်တောနှင့် ဘဏ္ဍာ/အခွန် စုစုပေါင်းခုနစ်သင်းမှ ထောက်လု ကစားသမား ၅၃ဦး၊ ဆန်းဆိုကစားသမား ၂၇ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ဆန်းဆိုအမျိုးအစားတွင် အမျိုးသား ခုနစ်တန်း၊ အမျိုးသမီး ငါးတန်း၊ ထောက်လုအမျိုးအစားတွင် အမျိုးသား၊ အမျိုးသမီး ၁၀မျိုးစီကျင်းပနေပြီး ဒီဇင်ဘာ ၂၁ရက် အထိ ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲမှ ထူးချွန်ကစားသမားများကို မြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်၍ နိုင်ငံတကာ ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

(မြန်မာ့အလင်း)

တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ မြစ်ကြီးနားတွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၅ ရက် အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အသင်းလိုက် အကျော်ပေးပြိုင်ပွဲတွင် လေးဦးပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တစ်ဦးမှာ(Handicap 0-12) အဆင့်ရှိ၍ သုံးဦးမှာ (Handicap 0-18) အဆင့် ရှိသူများ ဖြစ်ရမည် ဖြစ်သည်။

အသက် ၅၅ နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည် ဖြစ်သည်။

ချီးမြှင့်မည်

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသ အတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများ အတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-in-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မ ၁ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ကိုးမိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀-၃၇၆၇၁၊ ၀၉-၅၀-၁၇၀၄၉ နှင့် Northern Star Golf Club တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် အားကစားဖောင်ပိတ်သတင်း

ချန်ပီယံလိဂ်ရှုံးထွက် ၁၆သင်းအဆင့်မဲခွဲပြီး ဖာဂူဆန်နှင့် မော်ရင်ဟိုတို့ထိပ်တိုက်တွေ့ဆုံ

ဇူးရစ် ဒီဇင်ဘာ ၁၉

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ရက်က ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက် ရွေးချယ်ခဲ့ရာ အင်္ဂလန်အသင်းလေးသင်းစလုံး ပွဲကျပ်များနှင့် ရင်ဆိုင် ကြုံတွေ့ရမည်ဖြစ်သည်။

ထိပ်တိုက်ဆုံတွေ့

ချန်ပီယံလိဂ် လက်ရှိချန်ပီယံ မန်ယူအသင်းသည် အဝေးကွင်း၌ အင်တာမီလန်အသင်းနှင့် ဆုံတွေ့ရမည်ဖြစ်ရာ ပြိုင်ဘက်ဟောင်း ဖာဂူဆန်နှင့် မော်ရင်ဟိုတို့ ထိပ်တိုက်ဆုံတွေ့ကြမည် ဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးအသင်းက ဂျူဗင်းတပ်စ် အသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းက အိမ်ကွင်း၌ ရိုးမားကို ဧည့်ခံကစားရမည်ဖြစ်ပြီး လီဗာပူးက အဝေးကွင်း၌ ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အင်္ဂလန် ကလပ်အသင်းကြီးများ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်ရောက်ရေး ခက်ခက်ခဲခဲ ကျော်ဖြတ်ကြရမည့် အနေအထားဖြစ်သည်။

အပြန်အလှန်

အခြားပွဲများမှာ ဗီလာရီးရဲနှင့် ပနာသီနာကို့စ်၊ စပို့တင်းလစ္စဘွန်းနှင့် ဘေယန်မြူးနစ်၊ အက်သလက်တီကို နှင့်ပေါ်တို၊ လိုင်ယွန်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များကို လာမည့်ဖေဖော်ဝါရီ ၂၄ရက်နှင့် ၂၅ရက်၊ မတ် ၁၀ ရက်နှင့် ၁၁ရက်များ၌ သူ့ကွင်း၊ ကိုယ့်ကွင်း အပြန်အလှန် ကစားရမည် ဖြစ်သည်။ (အင်တာနက်)

ဇလွန် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ဇလွန်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမောင်မောင်ဝင်း ဖုန်း-၀၁-၃၇၁၄၅၀၊ ၀၉-၅၀-၀၃၃၁၆၊ ဦးရန်နိုင်ဦး ဖုန်း-၀၄၄-၃၅၀၈၈၊ ဦးနိုင်ဦး ဖုန်း-၀၄၄-၃၅၁၆၁၊ ဦးဝင်းလွင်အောင် ဖုန်း-၀၄၄-၃၅၃၈၇၊ ဦးစိုးပိုင် ဖုန်း-၀၄၄-၃၅၀၇၇၊ ဦးဖုန်းဇော် ဖုန်း-၀၄၄-၃၅၄၀၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွေးနေ့ဆုတောင်း

ချစ်မေမေ ဒေါ်ကျင်သန်း၏ ၂၀-၁၂-၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှ နောင်နှစ်၁၂၀တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ငြိမ်းအေးချမ်းမြေ့ပါစေ။

ချစ်သမီးငယ်-ဝတ်ရည်လှဝင်း။

ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်

(၃၁)ကြိမ်မြောက် ဆီမီး (၉၀၀၀) ပူဇော်ပွဲကြီး

၁-၁-၂၀၀၉ ရက်

ယခင်နှစ်များကဲ့သို့ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။ ကြွရောက် ကြည်ညိုပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး (၉၀၀၀)အဖွဲ့။

အမည်ပြောင်း

အဖ ဦးထက်နေမျိုး ၁၂/စခန (နိုင်) ၀၅၇၃၇၇၃၏သား မောင်လင်းထက်ထွန်းအား မောင်စွမ်းတေဇအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စွမ်းတေဇအောင်။

ရောင်းမည်

ဘောက်ထော် သီရိရတနာရိပ်သာ မေတ္တာလမ်း ပေ၂၀x ပေ၆၀ နှစ်ထပ်၊ ရေမီးပါ။

ဖုန်း-၀၉-၅၁-၁၇၆၄၃။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သစ်တောပညာဌာန

ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သစ်တောပညာဌာနတွင် ပညာဆည်းပူးခဲ့သော သိပ္ပံ(သစ်တော)ဘွဲ့ရ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် (စနေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီ

ကျင်းပမည့်နေရာ - အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ပြည်လမ်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်-

ကျော်ကျော်လွင် ဖုန်း-၀၆၇-၄၀၅၀၁၅၊

ကျော်ဆွေ ဖုန်း-၀၁-၆၈၁၉၁၃။

ရောင်းမည်

သီဟိုဠ်ခြံ အကျယ် ဧက ၃၅၀၊ သီဟိုဠ်ပင် တစ်သောင်းခွဲခန့်ရှိ အပင်သက်တမ်း ၁၄နှစ် ယခုနှစ် သီဟိုဠ်ရာသီချိန် သီးစားကန်ထရိုက်ပေးမည်။ ကျပ် သိန်း ၃၀ ။ ခြံတွင်းသို့ ကားလမ်းပေါက်သည်။ (ဧက ၁၅၀ ခွဲရောင်းမည်။ ညှိနှိုင်းဈေး)

ဆက်သွယ်ရန်-ဖုန်း-၂၂၇၃၂၈၊၂၁၄၈၇၃။

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ပဒန်ဇော်ဒူ၏ နိုင်ငံကူးလက်မှတ် ၆၅၉၄၀၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၂၅၃၉၄၄၊ ၀၁-၇၀၃၁၃၅။

ချောက်မြို့ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ချောက်မြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ချောက်မြို့ အထက(၁) မြရိပ်ညိုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲတွင် သက်ပြည့်ပင်စင် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၉၅ဦးအား ပူဇော်ရန် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးဉာဏ်သောင်း ဖုန်း-၀၆၁-၂၁၁၇၃၊၂၁၈၀၀၊ ဦးအောင်ကျော်ဌေး ဖုန်း-၀၆၁-၂၁၈၈၆၊ ဦးဌေးနိုင် ဖုန်း-၀၆၁-၂၁၀၂၉၊ ဦးမျိုးမြင့် ဖုန်း-၀၆၁- ၂၁၀၄၄၊ ဦးဝင်းနိုင်ဦး ဖုန်း-၀၆၁-၂၁၁၀၀၊ ဦးတင်ထွန်း ဖုန်း-၀၆၁-၂၁၉၃၁၊ ဦးဝင်းဌေး ဖုန်း-၀၆၁-၂၁၇၃၇နှင့် ဦးတင်ဦး(ကျော်နည်းပြ) ဖုန်း-၀၆၁-၂၀၇၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်းစိန်အထွေထွေရောဂါကုဆေးရုံနှင့် စိတ်ကျန်းမာရေးဆေးရုံ ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ဒီဇင်ဘာ ၁၆ရက်တွင် ရန်ကုန်မြို့ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဆေးရုံ၏ လူနာဆောင်များ၊ စာသင်ဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ခန်း၊ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သားဖွားခန်း၊ပြင်ပလူနာနှင့် အရေးပေါ်ဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံပြီး အမျိုးသား လူနာဆောင်၊ စာသင်ဆောင်၊ စာကြည့်တိုက်၊ ဆေးမှတ်တမ်းဌာန၊ ပြင်ပလူနာဌာန၊ အမျိုးသမီး လူနာဆောင်၊ မူးယစ်ဆေးစွဲ ကုသဆောင်နှင့် မှုခင်းလူနာဆောင်များကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ဆန်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့်အရှေ့အာရှအရေးပေါ် ဆန်အရန်ရိက္ခာ စီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ရှိ လေဘေးသင့်ကျေးရွာအုပ်စုသုံးအုပ်စုသို့ ဆန်ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ရက်တွင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က အမှာစကားပြောကြားပြီး အရှေ့အာရှအရေးပေါ်ဆန်အရန်ရိက္ခာစီမံကိန်းမှ အထွေထွေမန်နေဂျာ Dr. Mulyo Sidik က လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Dr. Mulyo Sidik က ကြိမ်ချောင်းကြီးကျေးရွာအုပ်စုသို့လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခနိဆိပ်ကျေးရွာ အုပ်စုသို့လည်းကောင်း**(အပေါ်ပုံ)**၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက တယ်ပင်ကိုင်းကျေးရွာအုပ်စုသို့ လည်းကောင်း ဆန်များကို ပေးအပ်လှူဒါန်းကြသည်။

ရှေ့ပြေးစီမံကိန်း

အဆိုပါ လှူဒါန်းမှုတွင် ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ လေဘေးသင့်ပြည်သူ ၁၃၁၂၀တို့အတွက် တစ်ဦးလျှင် တစ်လစာ ဆန်ခြောက်ပြည်နှုန်းဖြင့် ဆန်မက်ထရစ်တန် ၁၆၄တန်ကို လှူဒါန်းခဲ့ကြောင်းနှင့် အရှေ့အာရှ အရေးပေါ်ဆန်အရန်ရိက္ခာစီမံကိန်းသည် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်သော အရေးပေါ်အခြေအနေတွင် ဆန်ရိက္ခာထောက်ပံ့ရေးအတွက် ရှေ့ပြေးစီမံကိန်း တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သတိပေးနှိုးဆော်ချက်

နေပြည်တော်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များသည် လမ်းများကောင်းမွန်သည်နှင့်အမျှ အရှိန်ပြင်းစွာ မောင်းနှင်ကြသောကြောင့် ယာဉ်မတော်တဆမှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့်တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီ မိုင် ၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင် ၃၀ (၄၅ကီလို)

(၃) မြို့ပြင်ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပ

လှိုင်ကော် ဒီဇင်ဘာ ၁၇

၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့်မူလတန်း အဆင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ ပြည်နယ်ဥက္ကဋ္ဌ(ဝဲပုံ)နှင့် တက်ရောက်လာကြသူများ ကခန်းမအဝင်တွင် ခင်းကျင်းပြသထားသော ဆုရစာစီစာကုံး၊ နံရံကပ်ပြပွဲနှင့် ပညာပေးဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆင့်ပွားသင်တန်း မုံရွာမြို့၌ဖွင့်

မုံရွာ ဒီဇင်ဘာ ၁

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၃ရက် နံနက်၈နာရီက မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြဦးက အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြဦးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သော မြို့နယ်နှင့် ကျေးရွာ ဆင့်ပွားသင်တန်း ကုန်ကျစရိတ် ထောက်ပံ့ငွေများကို မုံရွာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ရှိန်ထံ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်)နှင့် အဖွဲ့ဝင်ထမ်းများ စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် အဖွဲ့ပိုင်ဈေးအတွင်းနှင့် ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များသို့ ကွင်းဆင်း စစ်ဆေးခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဝင်းမောင် နိုဝင်ဘာ ၁၉ရက်က လှိုင်းဘွဲမြို့အဝင် ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

တရားရုံးချုပ်ရှေ့နေ ဦးသိန်းဝင်း **(အပေါ်ပုံ)**သည် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ တက်ရောက်ကုသနေသော အရေးပေါ်လူနာများအတွက် အမျိုးသား သွေးလှူဘဏ်ခွဲတွင် ဒီဇင်ဘာ ၄ရက်က (၅၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သွေးလှူဘဏ်ခွဲ)**

အုတ်တွင်းမြို့ ခိုင်ရွှေဝါလမ်း ကတ္တရာခင်း

အုတ်တွင်း ဒီဇင်ဘာ ၁၂

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် နိုဝင်ဘာ ၂၀ရက်က ခိုင်ရွှေဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးကြိုတင်ကာကွယ်ရေး သထုံ၌ ပညာပေးဟောပြောပွဲကျင်းပ

သထုံ ဒီဇင်ဘာ ၁၅

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မွန်ပြည်နယ် သထုံမြို့နယ် မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၀ရက် နံနက်၁၀နာရီက သထုံမြို့နယ် နောင်ကုလားကျေးရွာအုပ်စုရှိ အလယ်ရွာတိုက် ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နောင်ကုလားကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဦးအောင်အေးက အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးကျော်ဝင်းစိန်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို တင်ပြသည်။

ထို့နောက် သထုံမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမိုသင်**(အောက်ပုံ)**က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေး၊ မီးကိုစနစ်တကျ အသုံးပြုရေးတို့နှင့် စပ်လျဉ်း၍ ပညာပေးဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းခြံမြို့ ဘိုးဘွားရိပ်သာသို့ ငွေနှင့်ပစ္စည်းလှူဒါန်း

မြင်းခြံ ဒီဇင်ဘာ ၁၆

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်းနေ ဦးနေလင်း-ဒေါ်အေးမြင့်ဇော်၊ (သမီး) မဥမ္မာမြင့် (ထူးသစ်)ဆန်ရောင်းဝယ်ရေး မိသားစုတို့မှ မြင်းခြံမြို့နယ် ဘိုးဘွားရိပ်သာတွင် ဒီဇင်ဘာ ၁၃ရက်က အဘိုးအဘွားများအား တစ်နေ့တာ အာဟာရဒါနကျွေးမွေးခြင်း၊ ထာဝရပင်မ အလှူငွေကျပ် ၁၂၂၅၀၀နှင့်ဂွမ်းကပ်စောင်၂၂ထည်အတွက် တန်ဖိုးငွေကျပ်၁၃၄၅၀၀ကို ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြအောင်သို့ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းနိုင်

(၂၁)နှစ်မြောက် မြင်းခြံမြို့နယ် ဘိုးဘွားရိပ်သာ နှစ်ပတ်လည်အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌဖုန်း-၀၉-၂၂-၁၅၂၇၀၊ အတွင်းရေးမှူး ဖုန်း-၀၉-၂၂-၁၅၃၂၅နှင့် အုပ်ချုပ်ရေးမှူးဖုန်း-၀၆၆-၂၁၅၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဘိုးဘွားရိပ်သာ)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ရွှေဘို၌ကျင်းပ

ရွှေဘို ဒီဇင်ဘာ ၈

ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မွန်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည် ဆိုင်းဘုတ် ဆေးသုတ်မွမ်းမံခြင်း၊ ကျောက်စီနံရံနှင့် မြေယာရှုခင်းအလှကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့ အထက(၃) ငွေရတုသဘင်နှင့် အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ပခုက္ကူ ဒီဇင်ဘာ ၁၅

ပခုက္ကူမြို့ အထက(၃)၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၃ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက(၃) ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီးဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကိုကျော့ရှင်း(ပခုက္ကူ) ဖုန်း-၀၉-၂၃-၀၁၂၀၄၊ ကိုကျော်နိုင် (ပခုက္ကူ)ဖုန်း-၀၉-၂၃-၀၀၄၇၆၊ ကိုစောဝင်းနောင်(ပခုက္ကူ)ဖုန်း-၀၉-၂၃-၀၁၄၁၇၊ ကိုမြတ်မင်းဆွေ(ပခုက္ကူ)ဖုန်း-၀၉-၂၃-၀၀၅၃၁၊ ကိုခိုင်ဝင်း ကြည်(ရန်ကုန်) ဖုန်း-၀၉-၅၀-၅၂၁၀၆နှင့် ကိုစိုးလွင်မြင့် (ရန်ကုန်) ဖုန်း-၀၁-၆၄၀၀၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် အရာတော်မြို့ ရေပေးဝေရေးစက်ရုံသို့ ရေပေးဝေနိုင်မှုနှင့် စက်များကြံ့ခိုင်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးသင်းအောင်တို့က လိုက်လံရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၀

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရေရှည်ခိုင်မာစေရေးအတွက် ကျေးရွာများသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဦးနေအောင် ပုံနှိပ်ကျွမ်းကျင်(၂)နှင့် ဦးအောင်မြတ်စာထောက်(၃)တို့သည် နိုဝင်ဘာ၂၀ ရက်မွန်းလွဲ၁နာရီက တောင်ဦးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌ ဦးနေလင်း၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တွေ့ဆုံ၍ စာကြည့်တိုက်အဆောက်အအုံသစ် အမြန်ပြီးစီးရေးအတွက် ကျေးရွာပြည်သူများလုပ်အားဒါနဖြင့် တိုင်ထူခြင်း၊ အမိုးမိုးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး အဆောက်အအုံနှင့် ပရိဘောဂတန်ဖိုးစုစုပေါင်းငွေကျပ်၅၂သိန်းဖိုးကို တောင်ဦးကျေးရွာ ပြည်သူများက လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကော့ကရိတ်-မြဝတီကားလမ်း ပြင်ဆင်နေမှုနှင့် စားပိုဆောင်သီးနှံ ဖူလုံရေးစိုက်ပျိုးနေမှု

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း စစ်ဆေး

ကော့ကရိတ် ဒီဇင်ဘာ ၁၂

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့သည် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးတင့်လှိုင်တို့လိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက ကော့ကရိတ် - မြဝတီ ကားလမ်း အောက်ဘိုတဲသို့ သွားရောက်၍ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကားလမ်းကို မကြာမီ ဖွင့်လှစ်တော့မည့် မြဝတီ ကုန်သွယ်ရေးဇုန် ဖွင့်ပွဲအမီ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ပြည်နယ်အတွင်း စားပိုဆောင်သီးနှံ ဖူလုံစေရေးအတွက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အမှတ်(၁) ရပ်ကွက် ထန်းပင်ကုန်းရပ်ရှိ တောင်သူ ဒေါ်မိုးမိုး၊ ဦးသောင်းကြိမ်နှင့် ဦးစောရင်မြတ်ရွှေတို့၏ စားဖိုဆောင် သီးနှံစိုက်ခင်းနှင့် အမှတ်(၅)ရပ်ကွက် လှိုင်ဝစားဖိုဆောင်သီးနှံ စိုက်ခင်းတို့ကို ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (အပေါ်ပုံ) (၀၀၇)

မြို့နယ် သတင်းများ

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ အားလုံးကတ္တရာလမ်း ဖြစ်ရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နီလာလမ်းအား ကတ္တရာခင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျိုင်းတုံ ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ကျိုင်းတုံ ဒီဇင်ဘာ ၁၄

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ စေတနာရှင်များက အလှူငွေများလှူဒါန်းလျက်ရှိကြရာ နိုဝင်ဘာ ၁၇ ရက်က ကျိုင်းတုံမြို့ အမှတ်(၂)အထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငွေပဒေသာပင်အလှူငွေကျပ်တစ်သိန်း၊ ကျိုင်းတုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်နှင့် ဆရာ ဆရာမများက အလှူငွေကျပ်ငါးသောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်အေးက ငွေကျပ်ငါးသောင်း၊ ထာပင်းရွာမှ ကိုကျော်မင်းဦး၊ ကိုအောင်ဇော်လင်းနှင့် ကိုရဲနိုင်မိသားစုက ဆန်၊ ဆီနှင့် ငွေကျပ်ငါးသောင်းစီ လာရောက်လှူဒါန်းကြရာ အဘိုးဦးအိုက်တစ်က လက်ခံယူသည်။ (အပေါ်ပုံ) (ဘိုးဘွားရိပ်သာ)

စာကြည့်တိုက် အဆောက်အအုံပြီးစီးရေး ရမည်းသင်းခရိုင် ပြန်/ဆက်ရုံး၌ ဆွေးနွေး

ရမည်းသင်း ဒီဇင်ဘာ ၁၃

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်းသည် နေပြည်တော် ပျဉ်းမနား ဦးစီးအရာရှိ ဦးအေးဖေနှင့်အတူ ရမည်းသင်းခရိုင်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၉ရက်က ကျင်းပသည်။

ဆောက်လုပ်ပြီးစီးမှု

အခမ်းအနားတွင် ညွှန်ကြားရေးမှူးဦးသန်းထွန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၂၀၀၈-၂၀၀၉ခုနှစ် လုပ်ငန်းတာဝန် ၁၁ရပ်အောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ ဒေသဆိုင်ရာအာဏာပိုင်များ လှူဒါန်းထားသည့် စာကြည့်တိုက်အဆောက်အအုံများ အချိန်မီပြီးစီးရေးတို့ကို ပြောကြားရာ(အောက်ပုံ)ခရိုင်ဦးစီးအရာရှိ ဦးချီမောင်က ရေရှည်ခိုင်မာဖွံ့ဖြိုးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတင်ပြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အထက(၇)မော်လမြိုင် အာစရိယပူဇော်မည်

မော်လမြိုင် ဒီဇင်ဘာ ၁၇

မော်လမြိုင်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေနေ့)တွင် အထက(၇)နဝရတ်ဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသက်(၆၀)ပြည့်အပူဇော်ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည် ဖြစ်စေတက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဒေါ်ရှုကြည် ကျောင်းအုပ်ဆရာမကြီးအထက(၇)ဖုန်း-၀၅၇-၂၇၀၄၀၊ ဦးစံလင်း(ခနေပါလိပ်ွရုံ) ဖုန်း-၀၉-၅၃-၂၁၈၉၉၊ ဦးစန်းမြင့် ဖုန်း-၀၅၇-၂၄၇၄၄၊ဦးဇော်လွင်ဦး(ပြည်နယ်ကြက်ခြေနီရုံး) ဖုန်း-၀၉-၈၇-၀၂၉၀၈နှင့် ဦးထွန်းအောင်ကျော် (သုဝဏ္ဏဒီပဆေးဆိုင်) ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၆၆၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ပလိုင်း-ကွန်ဆိပ်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးနီထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ လက်ထောက်အင်ဂျင်နီယာဦးအောင်မြင့်သန်းတို့က ကွင်းဆင်းစိစစ်ကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ် ဘဲအင်းကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုကို နိုဝင်ဘာ ၂၇ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေး အဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးရဲလတ်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်ပြန်/ဆက်)

မြစ်ခြေအထက ရွှေရတုသဘင်ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၁၆

မကွေးတိုင်း ပခုက္ကူမြို့နယ် မြစ်ခြေအထကကျောင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုသဘင်ပွဲကို ဒီဇင်ဘာ၁၄ရက် နံနက် ၈နာရီက အဆိုပါကျောင်း မိုးဆန်းပန်းခန်းမ၌ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်နှင့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရွှေရတုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၀၇၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ရုံးအမှတ်(၁၉)
နေပြည်တော်
ချိပ်ပိတ်တင်ဒါအမှတ်-၀၇/၂၀၀၈-၂၀၀၉

၁။ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	အင်ဂျင်ဝိုင် (Trane/ Flocon/ ELF)	၅၀၀ ဂါလန်
၂။	ကော်စေ့ (L.D.P.E)	၂၀၀၀ ကေဂျီ
၃။	ပီနန်အိတ် (၂၃×၃၇)လက်မ	၃၀၀၀၀ လုံး
၄။	ဘက်ထရီ (G.S/ 3K/ Panasonic)	၅၀ လုံး
၅။	တာယာ	၅၀ လုံး

၂။ အဆိုပါချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၃-၁၂-၂၀၀၈ရက် (အင်္ဂါနေ့) ၁၄း၀၀နာရီ နောက်ဆုံးထား၍ နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများအား တစ်စုံလျှင်ငွေကျပ်၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် အထက်ပါရုံးခန်းတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်နှင့် ဆေးဆိုးပန်းရိုက် စက်ရုံ (ရမည်းသင်း)အတွက် သစ်သားကုံးခွံ(အကြမ်း) (ရှန်းသား)- ၁၀၀၀၀၀ လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ ခေါ်ယူပါသည်။

၂။ **တင်ဒါဝယ်ယူမည့်နေရာ** - အထည်နှင့်ဆေးဆိုးပန်းရိုက် စက်ရုံ (ရမည်းသင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၀၈ရက် ၁၆း၃၀ နာရီ

မှတ်ချက်။ ။ တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၆၄-၄၀၃၀၈၊ ၀၆၄-၄၀၃၁၀။

အများသိသာရန်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၀) အေးလူနေရပ်ကွက်အမှတ် မြေကွက်အမှတ်-(၅၇၀)F/၊ ဧရိယာ ၀.၁၁၁၂၆၀ဧကရှိ မြေပိုင်မြေကွက် အမှတ်-(၄၂) ဗောဓိရိပ်သာလမ်း ရွှေတောင်ကြား(၂)ရပ်ကွက်သည် ရန်ကုန်မြို့ မြို့မြေစာရင်းတွင် ဒေါ်စောရီ CF-၁၄၁၈၉၆ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါက်တာဆင်ဘိုးနှင့် ဒေါ်စောရီတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မွန်မွန်(ခ)ဒေါ်ခင်စောမွန် ၁၂/ဗဟန(နိုင်)၀၄၄၉၄၅ ထံမှ အဆိုပါအိမ်နှင့် မြေကိုဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ
B.Sc., D.A.,R.L., LCCI (London)
တရားရုံးချုပ်ရှေ့နေ၊
၂၂၊ ဌာနာလမ်း၊ အလုံ၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၁၀၁၇၄။



သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း ဝိပဿနာ(၇)ရက် တရားစခန်းဖွင့်မည်

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ (၃၃)ကြိမ်မြောက် ဝိပဿနာ(၇)ရက် တရားစခန်းကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်မှ ဒီဇင်ဘာ ၂၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည် ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၀ရက် ညနေ ၆နာရီအရောက် ကြွရောက်ပါရန် နိုးဆော်ထားသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးခင်မောင်သောင်း၏ သမီး ရန်ကုန်အရှေ့ပိုင်း အဝေးသင်တက္ကသိုလ် အင်္ဂလိပ်စာ အဓိကဖြင့် တက်နေသော မဇင်ထူးမွန်အား ဇင်ထူးမွန်(ခ)နှင်းအိန္ဒြေ ဟု ဖြည့်စွက်ခေါ်ပါရန်။

ဇင်ထူးမွန်(ခ)နှင်းအိန္ဒြေ။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၈၅၄၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေ့အိန် ၁/မကတ(နိုင်)၀၀၃၈၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
(၁၅)ကြိမ်မြောက်အသင်းသားစုံညီ အစည်းအဝေးရွှေ့ဆိုင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၇-၁၂-၂၀၀၈ရက်တွင် ကျင်းပရန် ဖိတ်ကြားထားသော်လည်း ယင်းနေ့တွင် မကျင်းပနိုင်၍ ရက်ရွှေ့ဆိုင်းကြောင်း ကြေညာအပ်ပါသည်။

(အစည်းအဝေးကျင်းပမည့် နေ့ရက် ထပ်မံကြေညာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့။

ကြေညာချက်

ကျွန်မ ဒေါ်တင်ညွန့်၏ Passport No.782418 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပြန်လည်ပေးပို့ပါရန် ကြေညာအပ်ပါသည်။

ပေးပို့ရန်လိပ်စာ- အမှတ်(၃၅၅)၊ သိမ်ဖြူလမ်း၊ အခန်း(၁၀၆)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅။

အမည်ပြောင်း

အဖဦးကျော်လင်း၏သား အထက(၂) မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း) န၀မတန်း(E)မှ မောင်မင်းရဲကျော်အား မောင်ညဏ်လင်းခန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ညဏ်လင်းခန့်**
၁၂/လကန(နိုင်)၂၀၉၃၇၄။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဇော်မင်းကျော် PMA-၁၁၃၄၃၇ ရှမ်းကန် အရှေ့ဘက် နေပြည်တော်ပျဉ်းမနားသည် ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသော မိခင်အိုအား ကိုယ်စိတ်ထိခိုက် ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်လျက် ရှိပါ၍ မိခင်ကို စိတ်ဆင်းရဲအောင် ပြုမူဆက်ဆံသည့် သွာနုတ္တသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ကြည်
၁၄၉၊ ဆိပ်ကမ်းသာလမ်း၊
မြေညီထပ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၀၅၄၈။

Super Cool Engineering Group မှ

လူကြီးမင်းတို့ရဲ့ အဲယားကွန်းနှင့် ရေခဲသေတ္တာများအားပြုပြင်ခြင်း၊တပ်ဆင်ခြင်း၊ ဆေးကြောခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၇၀၆၃၅၆။

ရောင်းမည်

ဇူးမှန်လုံး- ၄၅ ယောက်စီး
၅က/6QA2
ဖုန်း-၀၉-၅၁-၆၆၁၇၇၊
၀၁-၅၁၁၃၂၃။

အများသိစေရန်ကြေညာခြင်း

Fair Deal Co.,Ltd.(Consumer Division) မှ Sales Representativeများဖြစ်သော ဦးသန်းယုမော်(ဘ)ဦးခင်ဇော် ၁၂/အစန(နိုင်)၁၂၆၇၇နှင့် ဦးဝင်းမင်းထွန်း (ဘ)ဦးမြရှိန် ၁၂/ရပသ(နိုင်)၀၄၈၂၃တို့သည် ကုမ္ပဏီပိုင် လူသုံးကုန်၊ အလှကုန် ပစ္စည်းများအား ရောင်းချရမည့်ဆိုင်သို့ ပို့ဆောင်ခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၁-၁၂-၂၀၀၈ ရက်မှစ၍ ကုမ္ပဏီမှထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

Fair Deal Co., Ltd.

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကိုမည်သူမဆိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဦးညွန့်မြိုင် S/၁၄၁၊ပြည်တော်သာ၂လမ်း၊ (ဇမြောက်)၊ သဃ်န်းကျွန်း
တူးဖော်မည့်နေရာမြေကွက်အမှတ် (၈/စ၂)
မြေတိုင်းရပ်ကွက်အမှတ် ၁၉(သဃက)။

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကိုမည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဦးကျော်ထွေးမြိုင်+၁
အမှတ်(၅၃/၉)၊ မေခလမ်းသွယ်(၃)လမ်း၊ မေခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်။
တူးဖော်မည့်နေရာ မြေကွက်အမှတ် ၅၃/၉
မြေတိုင်းရပ်ကွက် အမှတ် (၂၉/က+ခ)၊ (၃၃/က+ခ)။

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်းနေ ဦးအမိုင်လေး ၁၂/ ကမတ(နိုင်) ၀၆၁၇၄၁ ၏ဇနီး ဒေါ်စိန်ရင် ၁၂/ကမတ(နိုင်) ၀၅၃၃၂၇သည် ကျွန်တော်၏ အကျိုးစီးပွားပျက်စီးအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်၍ တာဝန်ယူ ဖြေရှင်းပေးလိမ့်မည် မဟုတ်ပါကြောင်း။

ဦးအမိုင်လေး။

မီးသတိပြု

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း(မြို့ပြ)လမ်းဖြစ်သော စိန်ပန်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခင်မောင်စိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တပ်ကလပ်တန်းမြင့်ကျောင်း ယခု အထက(၃)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်း (ယခု အထက-၃တာမွေ) ကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် အထက(၃)တာမွေ အားမာန်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့မည်

ယင်းနေ့တွင် ကျောင်းအုပ်ဆရာကြီး ဦးဘကျော်အား အမှူးထား၍ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးတင်မောင်လှ ဖုန်း-၆၆၃၀၇၈၊ ဦးစိုးနိုင် ဖုန်း-၅၄၃၇၃၁၊ ဦးလှတင် ဖုန်း-၂၄၇၅၆၂၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၅၄၁၇၀၃၊ ဦးတင်အေး-ဒေါ်ကြင်လှ ဖုန်း-၅၄၆၆၄၂နှင့် ဒေါက် တာစိုးမိုး ဖုန်း-၀၉-၂၁-၃၂၅၂၆ တို့သို့ ဆက်သွယ်လျှုဒါန်းကြရန်နှင့် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

နို၀င်ဘာ ၁၆ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုကို တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသိန်းထူး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

လက်နှိပ်တုံကင်တူးဖော်

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လက်ပန်ကျေးရွာ လက်နှိပ်တုံကင်တွင်း တူးဖော်ပြီးစီးမှု အခြေအနေကို မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းဝင်း(ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယဉ်မင်းဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မှုခင်းသတင်း
ဈေးဝယ်သွားသူ အမျိုးသမီးအား ရိုက်နှက်ပြီး ရွှေငွေပစ္စည်းများလုယူသွား

ရမည်းသင်း ဒီဇင်ဘာ ၁၈

ဈေးဝယ်ရန်သွားသူ အမျိုးသမီးတစ်ဦးအား ရိုက်နှက်ပြီး ပါလာသော ရွှေငွေ ပစ္စည်းများလုယက်မှု ဒီဇင်ဘာ ၃ ရက် နံနက်က ရမည်းသင်းမြို့နယ်တွင် ဖြစ်ပွားသည်။

ဒဏ်ရာဖြင့်လဲကျ

ဖြစ်ပွားပုံမှာ ရမည်းသင်းမြို့ တောင်ဘက် ၁၀မိုင်ခန့်အကွာ တောင်ဘိုကျေးရွာအုပ်စု ပျဉ်းမတောကျေးရွာနေ ဒေါ်ထွေးကြည်(၄၈နှစ်)သည် ဒီဇင်ဘာ ၃ ရက် နံနက်၉နာရီခွဲက ရမည်းသင်းဈေးသို့ ဈေးဝယ်ရန်အသွား လမ်းတွင် လူမြင်လျှင်မှတ်မိသူတစ်ဦးက နောက်မှလိုက်လာပြီး ရှေ့သို့ကျော်တက်စဉ် အသင့်ပါလာသော ပျဉ်ပြားဖြင့် ရိုက်လိုက်သဖြင့် ဒေါ်ထွေးကြည်မှာ ယာဘက်ဦးခေါင်း ပေါက်ပြဲဒဏ်ရာဖြင့် လဲကျသွားသည်။

ထိုသို့ လဲကျစဉ် လည်ပင်းတွင်ဆွဲထားသော တစ်ကျပ်သားရှိ ဆွဲကြိုးတစ်ကုံးနှင့် ငွေစက္ကူရောရော ကျပ် ၁၉၀၀၀၀ကို ယူဆောင်ထွက်ပြေးသွားသဖြင့် အရေးယူပေးပါရန် ဒေါ်ထွေးကြည်က မြို့မရဲစခန်းသို့ အမှုဖွင့် တိုင်ကြားသဖြင့် ဒုရဲအုပ်ဇော်ဝင်းနိုင်က ပြစ်မှုပုဒ်မ၃၉၄ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၆၉)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) စာမျက်နှာ ၈ ကော်လံ ၁ ■

ဗိုလ်လောင်း တပ်ခွဲများ ချီတက်အလေးပြု

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဗိုလ်လောင်း တပ်ခွဲများ ချီတက်အလေးပြု ကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာဘွဲ့များအထိရယူနိုင်သည့် ထားဝယ်တက္ကသိုလ်ပေါ်ထွန်းလာပြီ

➤ သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

➤ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၉

နိုင်ငံတော်က ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှု ကွာဟမှုနည်းနိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ၌ ဒေသဆိုင်ရာ ကောလိပ်များကို တက္ကသိုလ်အဆင့်တိုးမြှင့်လျက် ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးပွားလာစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထားဝယ်တက္ကသိုလ်

ထိုသို့ ပညာရေးကဏ္ဍတွင် အဆင့်မြှင့်တင်၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သည့် တက္ကသိုလ်များတွင် ထားဝယ်တက္ကသိုလ်သည်လည်း အပါအဝင်ဖြစ်သည်။

သွားရောက်လေ့လာ

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် ထားဝယ်မြို့သို့ ရောက်ရှိခဲ့ရာ ထားဝယ်တက္ကသိုလ်ကို သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●